www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၆၈၁၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၅၄၀၁၁၀၉

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့
၅၄၁၇၄၅ ၊ ၅၅ ၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁ ၊ ၀၉ ၅၀ ၂၁၃၅၄ ၊
ပထမအကြိမ် - ၂၀၀၉ ခုနှစ်၊ (ဖေဖော်ဝါရီလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

# အမှာစာ

သချိုင်းကုန်းမှ တစ္ဆေခေါ်သံ ဝတ္ထုသည် အလယ်ရိုးမ တောင်ခြေတစ်နေရာ၌ ဖြစ်ခဲ့သော ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။

ရွာအမည်များနှင့် ဇာတ်ကောင်အမည်များနှင့် ဇာတ်လမ်း ဇာတ်ကွက်အချို့ကိုတော့ ပြောင်းလဲထားပါသည်။ ထိုဝတ္ထုမှာ "ပညာဒီပ" ကလောင်အမည်ဖြင့် ရေးသားသော တတိယမြောက်ဝတ္ထု ဖြစ်ပါသည်။

ယခုဝတ္ထု၌ ကျွန်ုပ်၏ပင်တိုင်ဇာတ်ကောင် နီမောင်ကို အသုံးပြု ပေးထားပါသည်။ ဆက်လက်၍လည်း "အောင်မြင်စာပေတိုက်" မှ ပညာဒီပ ကလောင်အမည်ဖြင့် ရေးသားသော ပရလောက ဖြစ်ရပ်မှန် ဂမ္ဘီရဝတ္ထု များ ဆက်လက်ထုတ်ဝေရန် စီစဉ်ထားပါကြောင်း ပန်ကြားအပ်ပါ သည်။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ...

ပညာဒီပ

www.burmeseclassic.com

www.burmeseclassic.com

အဝေး၌ ရှိသော ရန်သူကို ကြောက်ရသည်။

အနီး၌ ရှိသော ရန်သူကို ပို၍ကြောက်ရသည်။

မိမိရင်ထဲ၌ ရှိသော ဥပါဒ်ရန်တရားသည်
ကြောက်စရာအကောင်းဆုံး ဖြစ်ပေသည်။

နီမောင်

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) သရိုင်းဘက်မှ တလားခေါက်သံ

အခန်း(၂) ဆယ့်နှစ်ကြိုးကဝေက ဘယ်သူလဲ

အခန်း(၃) ပယောဂကုထုံးနှင့် လျှို့ဝှက်ချက်

အခန်း(၄) တလားခေါက်သံ ကျိန်ဆဲသံ

အခန်း(၅) ဥပါဒ်သရဲနှင့် ဂန္ဓသေယျသရဲ

အခန်း(၆) ဦးသူတော်နှင့် ဒေါ်ဇဝါ

အခန်း(၇) ဥပါဒါန်ရောဂါဆိုး

အခန်း(၈) သုသာန်အတွင်းမှ ကြောက်မက်ဖွယ်ရာများ

အခန်း(၉) မိစ္ဆာလက်ချက်ဖြင့် သေရသော မိစ္ဆာတစ်ဦး

အခန်း(၁၀) မေတ္တာနိဒါန်းအစ


www.burmeseclassic.com



## အခန်း(၁)

# သချိုင်းဘက်မှ တဟားခေါ်ကသံ

လကွယ်နေ့ည. . .

ပုတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများက ဖုံးအုပ်ထားလျက်ရှိနေလေသည်။

ထိုအချိန်မှာပင် မိုးဖွဲကလေးများက တဖွဲဖွဲ ကျနေပြန်လေသော်၊ တောင်းကင်၌ လရောင်မရှိသောအချိန်မှာပင် မိုးမှောင်ကလည်း ကျနေ

www.burmeseclassic.com



ပြန်ရာ ပတ်ဝန်းကျင်မှာ ချောက်ချားဖွယ်ကောင်းလောက်အောင် ပိန်းပိတ်အောင် မှောင်မဲလျက် ရှိနေသည်။

တစ်ခါတစ်ရံ တောင်အရပ်ဘက်မှ တိုက်ခတ်လာသော လေက သစ်ပင်သစ်တောများကို တိုးဝှေ့တိုက်ကာ ရိုးမတောဘက်သို့ ဆက်လက်ထွက်ခွာသွားလေသည်။

ရိုးမတောင်ခြေတစ်နေရာ၌ ရွာတစ်ရွာ ရှိလေသည်။ မူလအမည်မှာ ပျဉ်းမတုန်းရွာ ဖြစ်သော်လည်း နောက်ပိုင်း နာနာဘာဝနှင့် ကျတ်များ ခြောက်လှန့်မှု များပြားလှသောကြောင့် 'ကျတ်ကုန်း' ရွာဟု အမည်တွင်ခဲ့လေသည်။

ကျတ်ကုန်းရွာကလေးမှာ ရိုးမတောကြီးကို နောက်ခံပြု၍ တည်ထောင်ထားသောကြောင့် သစ်ပင်ဝါးပင်များဖြင့် မှိုင်းညို့လျက် ရှိနေလေသည်။

သရက်၊ ပိန္နဲ၊ ကွမ်းသီးပင်၊ အုန်းပင်၊ ဒညင်းပင်၊ မရမ်းပင်တို့မှာ နေပြောက်မထိုးအောင် ကောင်းလှပေသည်။

ယခင်က ကျတ်ကုန်းမှာ ရိုးမတောင်ခြေကို အမှီပြု၍ တည်ထားသောရွာများထဲမှ လွန်စွာစည်ကားလှသော ရွာတစ်ရွာ ဖြစ်သော်လည်း နောက်ပိုင်းကာလများတွင် နာနာဘာဝတို့ နှောင့်ယှက်ခြောက်လှန့်မှုကြောင့် လူနေအိမ်ခြေများ တဖြည်းဖြည်းနှင့် ရှော့ပါးလာခဲ့ခြင်း





ဖြစ်ပေသည်။

ယခုလို မိုးဦးကျရာသီ ရောက်[illegible]လျှင် နှစ်စဉ်လို ဝမ်းရောဂါ အားဆိုးများ ကျရောက်လေ့ [illegible] လူအမျ[illegible] သေဆုံး[illegible]ရှိသည်။

ယခုလည်း အမှောင်[illegible]မှာ မိုးစက်များ [illegible]ဖွဲ ကျဆင်းနေကာ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်[illegible]လျက် ရှိ[illegible]သည်။

လေတိုက်သည့်အခါ ယိမ်းထိုးလှုပ်ရှား[illegible]သော သစ်ပင်ကြီးငယ်တို့မှာ အမှောင်[illegible] [illegible]ဆိုးဝါးများ က[illegible]နေသည့်ပမာ ယိမ်းထိုးလှုပ်ရှားလျက် ရှိနေ[illegible]သည်။

အချိန်မှာ ညဦးပိုင်း ကျော်လွန်၍ [illegible] ငယ်အချိန်သို့ပင် ရောက်လာချေပြီ။

ထိုအချိန်မျိုး[illegible] ဘယ်သူမှ အပြင်မထွက်[illegible]တော့သဖြင့် အသွားအလာ ကင်းရှင်း[illegible] တစ်ရွာလုံး တိတ်ဆိတ်[illegible]သက်လျက် ရှိနေသည်။

[illegible] ရွာအပြင် တော[illegible]

တောခွေးတို့[illegible]သံများ၊

[illegible]ယ်ကွက်များထဲမှ အော်[illegible] ပုရစ်နှင့် ဖားလတ[illegible] အော်သံများ[illegible] မှန်မှန်ကြီး [illegible]ထွက်နေလေသ[illegible]

[illegible]တိတ်နေသောအချိန်မျိုးမှာ ထိုအ[illegible]လာလျှင် [illegible] လောက်နှင့်တော့ အနည်းငယ် ထိတ်လန့်စရာဖြစ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော်လည်း ဒါတင်မကသေးဘဲ ရွာအပြင် သင်္ချိုင်းရှိရာဘက်မှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကတော့ ကြားရသူများအဖို့ ကျောချမ်းစရာ ဖြစ်တော့သည်။

ထိုခွေးအူသံကြီးကြောင့် အိပ်တန်းတက်နေကြသော ကျီးငှက်များပင် လန့်၍ တစာစာ အော်ကာ ထပျံကြရလေသည်။

ကျွတ်ကုန်းရွာကလေးမှာ တောင်တန်းတောအုပ်တို့အလယ်တွင် လွင်တီးခေါင်နှင့် လယ်ကွက်အချို့ကို အမှီပြုလျက် ရှိပြီးလျှင် ရွာ၏အနောက်မြောက်ဘက်၌ ရွာသူရွာသားများ သေဆုံးသောအခါ မြှုပ်နှံသင်္ဂြိုဟ်ရာ ဖြစ်သော သင်္ချိုင်းတစ်ခု ရှိလေသည်။

ထိုသင်္ချိုင်းတစ်ခုလုံးကို ကြီးမားသော သစ်ပင်ကြီးများက ဖုံးအုပ်ထားကာ အချို့မှာ သစ်ပင်ခြောက်ကြီးများဖြစ်သည်။ ဖျဉ်းမပင်ခြောက်ကြီးများမှာ အရွက်မရှိတော့ဘဲ အရိုးပြိုင်းပြိုင်းထနေသကဲ့သို့ တိုင်းခြောက် လက်တံများသာ ရှိလေရာ အမှောင်ထဲမှာ ကြည့်လျှင် မကောင်းဆိုးဝါးကြီးများ လက်ကားရား ခြေကားရားနှင့် မားမားရပ်နေ ကဲ့သို့ ရှိလေသည်။

ထားသော သင်္ချိုင်းအတွင်းရှိ သစ်ပင်ခြောက်များပေါ်တွင် ငှက်များ လာလည်း နောက်ထပ်နားတက်နေကြရာ မကြာခဏဆိုသလို ခွေးအူသံများ လှန့်မှုကြောင့် လူ့ အိပ်တန်းတက်နေသော ငှက်များက အလန့်တကြား





ထပျံကြရာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို ခြောက်လှန့်သကဲ့သို့ ရှိလေသည်။

ထိုနေရာတဝိုက်တွင် လူခါးသာသာခန့်ရှိသော ချုံများကလည်း နေရာမလပ် ရှိနေရာ ထိုချုံများအောက်၌ လူသေမြှုပ်သော မြေပုံများ ရှိသည်။

ချုံများအပေါ်မှာတော့ ခေါင်းတလား မြှင်ရာ၌ အသုံးပြုသော ရောင်စုံမိုးကာစများ၊ စက္ကူလိပ်များ၊ ပန်းလိပ်စက္ကူများ၊ အလောင်းတင်သော ဝါးကပ်များ၊ ဖျဉ်အကျီအပဲ့များက နေရာမလပ် ရှိနေလေသည်။

လေတိုက်သည့်အခါ မိုးကာနှင့် စက္ကူစများက တဖျပ်ဖျပ် လှုပ်ရှားနေကြလေသည်။

ရှေးအခါက ထိုနေရာမှာ သာမန်သင်္ချိုင်းငယ်တစ်ခုမျှသာ ရှိလေသည်။ နောက်ပိုင်း နှစ်နှစ်သုံးနှစ်လောက် ရောက်လာတော့မှ သင်္ချိုင်းမြေက ကျယ်ဝန်းလာခဲ့ခြင်းဖြစ်ပေသည်။

ကျွတ်ကုန်းရွာမှာ ရှေးယခင်ကတည်းက တည်ရှိခဲ့သော ရွာဟောင်းတစ်ခုဖြစ်ပြီး အိမ်ခြေပေါင်း ငါးရာကျော်မျှ ရှိကာ စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်ခဲ့လေသည်။

နောက်ပိုင်းမှာတော့ မိုးဦးကျကာလ ရောက်လာလျှင် နှစ်စဉ် ဝမ်းရောဂါများဖြစ်ကာ လူအများ သေကြေပျက်စီးမှု များလှသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် အိမ်ခြေများ ယုတ်လျော့လာကာ ယခုဆိုလျှင် တစ်ဝက်ပင် မကျန်တော့ပေ။

ရွာသူရွာသားများကတော့ နယုန်၊ ဝါဆို၊ ဝါခေါင်လများ ရောက်လာလျှင် တောင်ကျရေများ ဆင်းလာချိန်တွင် သရက်သီးမှည့်များကလည်း လှိုင်လှိုင်ပေါ်လာသောကြောင့် သရက်သီး စား၍ တောင်ကျရေကို သောက်မိသောကြောင့် နှစ်စဉ် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်သည်ဟု ထင်နေကြသည်။

တောင်ကျရေ ဆင်းလာပြီး သရက်သီးမှည့် လှိုင်လှိုင်ပေါ်သော ရာသီရောက်လာလျှင် အချို့အဖြစ်များသောနှစ်များတွင် ရောဂါကူးစက်မှုများသောရက်များဆိုလျှင် တစ်နေ့ကို တစ်လောင်းနှစ်လောင်းပင် မကတော့ဘဲ တစ်နေ့တည်းမှာပင် ကိုးလောင်းဆယ်လောင်းအထိ အသေအပျောက်ရှိရာ ရွာရှိ လူဦးရေမှာ သိသိသာသာကြီး ဆုတ်လျော့သွားလေတော့သည်။

ထိုသို့ အသေအပျောက် များသောနှစ်များဆိုလျှင် တစ်နှစ်လျှင် ကိုးဆယ် တစ်ရာအထိ သေဆုံးသူဦးရေ ရှိလေသည်။

ထိုသို့ အဖြစ်များလာသောအခါ အချို့လည်း ထိုနေရာမှာ မနေဝံ့ကြတော့ဘဲ ရွာကို စွန့်၍ အခြားအရပ်ဒေသသို့ ရွှေ့ပြောင်းပြေးကြလေသည်။



အချို့ကတော့ လယ်ယာ၊ ခြံမြေ၊ ကျွဲနွား အစရှိသည်တို့ ပိုင်ဆိုင်မှု ရှိကြသဖြင့် စားအိုးစားခွက် ယူ၍ ပြောင်းပြေးရုံနှင့် မဖြစ်ကြသဖြင့် ရွာမှာပင် နေမြဲတိုင်း ဆက်နေကြရလေသည်။ ထိုသို့နေပြီး အလုပ်လုပ်နေရသော်လည်း မိုးဦးကျရာသီ ရောက်လာလျှင် ရွာမှာ မနေဝံ့ကြတော့ပေ။

လယ်ယာခြံမြေအလုပ်များကို စိတ်ချယုံကြည်ရသော အလုပ်သမားများနှင့် လွှဲအပ်ကာ မိုးဦးကျရာသီ မကုန်မချင်း အခြားသို့ ရွှေ့ပြောင်းနေထိုင်ကြသည်။

အချို့ကလည်း ဆွေမျိုးသားချင်းများ ရှိသောနေရာများသို့ ယာယီသဘောမျိုး သွားရောက်နေထိုင်ကြလေသည်။

မိုးမှန်လေမှန်ဖြစ်ပြီး ရွာမှာ ရောဂါဘယများ ကင်းရှင်းသွားတော့မှ ပြန်လာကြလေသည်။

ရွာမှာ ကျန်ရစ်သူများမှာ အခြားနေရာများသို့ ရွှေ့ပြောင်းဖို့မတတ်နိုင်၊ ရွှေ့ပြောင်းစရာလည်း မရှိသောကြောင့် ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားကာ ကြောက်ကြောက်ရွံ့ရွံ့နှင့် နေထိုင်ကြရသူများ ဖြစ်လေသည်။

မိုးဦးကျရာသီ ရောက်လာလျှင် ကျတ်ကုန်းရွာ၌ ခါတိုင်းနှစ်များက များစွာလျော့ကာ အနည်းငယ်မျှသာ ကျန်လေသည်။

www.burmeseclassic.com



ယခုလည်း မိုးဦးကျရာသီ ရောက်လာပြီမို့ အချို့ကား အခြားနေရာသို့ ပြောင်းရွှေ့ရန် ပြင်သူက ပြင်နေကြချေပြီ။

ကျွတ်ကုန်းရွာကို သူကြီးအဖြစ် အုပ်ချုပ်နေသူမှာ ဦးပန်းစိန်ဖြစ်သည်။

ဦးပန်းစိန်၏ဇနီးမှာ ဒေါ်နန်းမိုးဖြစ်ပြီး နှစ်ယောက်စလုံး ရိုးရိုးအေးအေး နေထိုင်တတ်သူများဖြစ်သည်။

၎င်းတို့တွင် သားတစ်ယောက်၊ သမီးတစ်ယောက် ရှိပြီး သားဖြစ်သူက မောင်စိန်ဖြစ်ပြီး သမီးက အေးရီဖြစ်သည်။

မောင်စိန်က အသက်နှစ်ဆယ်ကျော်အရွယ်ဖြစ်၍ အေးရီက (၁၉)နှစ်ဝန်းကျင်အရွယ်ခန့် ရှိသည်။

ဦးပန်းစိန်မှာ လယ်ဧကအတော်များများနှင့် ဥယျာဉ်ခြံများ ပိုင်ဆိုင်ထားသူ ဖြစ်သဖြင့် အခြားသူများ ရွှေ့ပြောင်းကြစေကာမူ မရွှေ့ပြောင်းနိုင်ပဲ ရွာမှာသာ နေရသူ ဖြစ်သည်။

"ကိုပန်းစိန်. . . မိုးဦးကျရာသီ ရောက်လာပြန်ပြီ၊ ခါတိုင်းလိုဆိုရင်တော့ ဒီရာသီ ရောက်တာနဲ့ ဝမ်းရောဂါတွေ ဖြစ်ပြီး လူတွေသေကြဦးမှာပဲ၊ တစ်ချို့လူတွေတော့ ရွာက ပြောင်းတဲ့လူတွေ ပြောင်းကုန်ကြပြီ၊ ကျုပ်တို့ရော ဘယ်လိုစီစဉ်ကြမှာတုန်း"

ဟု ဇနီးဖြစ်သူ ဒေါ်နန်းမိုးက စိတ်ပူစွာဖြင့် မေးလေသည်။





ထိုအခါ ဦးပန်းစိန်က စိတ်ပျက်လက်ပျက်အမူအယာဖြင့်. . .

"မယ်နန်းရယ်. . . ငါက ဒီရွာကို အုပ်ချုပ်နေရတဲ့ သူကြီးတစ်ယောက်ဆိုတာလည်း မမေ့နဲ့ဦးလေ၊ တခြားလူတွေက လွတ်လွတ်လပ်လပ် ပြောင်းလို့ရပေမယ့် ငါက သူကြီးတာဝန်ကြီးနဲ့ ရွာကို ပစ်ပြေးလို့သင့်ပါ့မလား၊ လူကြားလို့ ကောင်းပါ့မလား၊ သူကြီးမရှိဘဲ ဒီရွာကို ဘယ်သူက အုပ်ချုပ်မလဲ၊ တစ်စုံတစ်ခုဖြစ်လာရင် ဘယ်သူက ဖြေရှင်းပေးမလဲ. . . စဉ်းစားကြည့်ပါဦးကွာ"

ဟု ပြောလေသည်။

"ရှင့်ရဲ့လူကြီးတာဝန်ကလည်း တာဝန်ပေါ့၊ ကြောက်တာကလည်း ကြောက်တာပဲ၊ အသက်ထက်တော့ ဘယ်ဟာကမှ ပိုပြီးအရေးကြီးပါဘူးတော်"

"မင်းက ပြောတော့ တယ်လွယ်တာပဲ၊ တို့မှာ လယ်နဲ့ခြံမြေတွေကလည်း ရှိသေးတယ်၊ ဒါတွေကို တခြားလူတွေလက်ထဲကို စိတ်ချလက်ချနဲ့ ထားခဲ့ဖို့ ဘယ်လွယ်မှာလဲ၊ ခါတိုင်းနှစ်တွေလည်း ဒီလိုပဲနေလာကြတာပဲကွာ၊ ဒီလောက်လည်း စိတ်မပူပါနဲ့. . . မကြောက်ပါနဲ့"

ဟု ဦးပန်းစိန်က ပြောသော်လည်း ဒေါ်နန်းမိုးကတော့ သိပ်ပြီးလက်ခံချင်ဟန် မတူပေ။

"အရင်နှစ်တွေက ကံကောင်းလို့ ဘာမှမဖြစ်ဘူးပဲဆိုရအုံးမည်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တော့ ဒီအချိန် ရောက်လာရင် နေရတာ စိတ်မသန့်တော့ဘူး၊ မကြာတော့ဘူး . . . မိုးကလေး ဖြိုင်ဖြိုင်ကျလိုက်တာနဲ့ ရွာထဲက မသာလောင်းတွေ တစ်လောင်းပြီးတစ်လောင်း ထုတ်ပစ်ရတာ တွေ့ရတော့မယ်"

"အမေကလည်းဗျား . . . နိမိတ်မရှိတဲ့စကားတွေ မပြောပါနဲ့၊ အလိုလိုကမှ ကြောက်နေရတဲ့ကြားထဲမှာ . . ."

သားဖြစ်သူ မောင်စိန်က ဝင်ပြောရာ ထိုအခါ သမီးဖြစ်သူ အေးရီကပါ ဤသို့ ဝင်ပြောလေသည်။

"အမေရယ် . . . တခြားလူတွေရဲ့ကံနဲ့ ကိုယ့်ရဲ့ကံက တူတာမှ မဟုတ်တာ၊ သူတို့ ဖြစ်ပေမယ့် ကိုယ်က ဖြစ်ချင်မှဖြစ်မှာပေါ့၊ ဘုရားတရား များများလုပ်ပြီး နေရင်ရပါတယ်"

ထိုသို့ ပြောသောအခါ ဒေါ်နန်းမိုးက မဲ့ကာရွဲ့ကာနှင့် ပြောင်းဖူးဖတ် ဆေးလိပ်ကြီးကို မီးညှိပြီး ဖွာနေလေသည်။

"နင်တို့က နေရာတကာ ကံကိုပဲ ပုံချနေကြတယ်၊ နေရာတကာမှာ ကံကိုချည်း ပုံချနေလို့ မရဘူးဟဲ့၊ တွေးတောဆင်ခြင်မှုနဲ့ ပြင်ဆင်တန်တာ ပြင်ဆင်ရတယ်၊ အကြောင်းတရားကို မရှိကြဘူး"

"ကဲ . . . ကဲ . . မင်း ဒီလောက် ကြောက်နေရင်လည်း ဒီရွာမှာ မနေနဲ့တော့၊ မင်းအမျိုးတွေ ရှိတဲ့ရွာမှာ သွားနေချေတော့၊ မိုးမှန်တော့မှ





ပြန်လာခဲ့"

ထိုသို့ပြောလိုက်သောအခါ သားနှင့်သမီးဖြစ်သူက အမေနှင့် မလိုက်ဘဲ အဖေနှင့်သာ နေခဲ့မည်ဟု ပြောကြသည်။

"အမေ့ဖာသာ သွားချင်သွားနေ၊ ကျွန်တော်ကတော့ အဖေနဲ့ပဲ နေမယ်"

"အဖေ့ကို ချက်ပြုတ်ကျွေးမွေးရမှာဆိုတော့ ကျွန်မလည်း အဖေနဲ့ပဲ နေခဲ့မယ်"

ဟုပြောကြသောအခါ ဒေါ်နန်းမိုးမှာ မည်သို့မျှပြော၍ မရမှန်းသိသဖြင့် ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို ဆေးလိပ်ခွက်ထဲသို့ ထိုးထည့်ကာ နေရာမှ ထသွားလေသည်။

ထိုအခါ မောင်နှမနှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

"မင်းအမေက ကြောက်တတ်လိုက်တာ လွန်ပါရောကွယ်"

"အမေ ကြောက်မယ်ဆိုရင်လည်း ကြောက်စရာပဲ၊ မဟုတ်ဘူးလား အဖေရဲ့၊ ဒီလိုမိုးဦးကျရာသီ ရောက်လာရင် ရွာက လူတွေ သေကြတာ နည်းတာမှ မဟုတ်တာ၊ တစ်နှစ်တစ်နှစ် ရာနဲ့ချီနေတာဆိုတော့ ကြောက်မယ်ဆို ကြောက်မှာပေါ့"

ဟု မောင်စိန်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အေးရီကပါ ဝင်ပြောလေသည်။

“ဟုတ်တော့ ဟုတ်တယ် အဖေရဲ့၊ ကျွန်မတို့ရွာမှာ ဟိုအရင်က အခုလို အဖြစ်မျိုးတွေ မဖြစ်ဖူးဘူးဆို၊ တကယ်လို့ ရောဂါဖြစ်လို့ သေရင်တောင် နည်းနည်းပါးပါးပဲ ရှိကြတယ်လို့ ပြောသံကြားပါတယ်၊ အခုမှ ဒီလိုအဖြစ်ဆိုးတွေ ဘာကြောင့် ဖြစ်တာလဲဟင်”

ထိုသို့မေးသောအခါ ဦးပန်းစိန်က ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို ယာစားနေရင်းမှ အတန်ကြာအောင် စဉ်းစားနေသည်။

“အဖေတို့ဆိုရင် ဒီရွာတည်စကတည်းက နေလာကြတာပဲ၊ အရင်ကတော့ ဒီလိုအဖြစ်မျိုးတွေ ကြားလည်း မကြားမိဘူး၊ ကြုံလည်း မကြုံခဲ့ဖူးဘူး၊ ဒီလို အဖြစ်ဆိုးတွေ ဖြစ်တာ သိပ်တော့ မကြာလှသေးဘူး၊ ထိန်ပင်ကုန်းရွာ ပျက်စီးပြီးမှ ဖြစ်လာတာလို့ ပြောရမှာပဲ”

“ထိန်ပင်ကုန်းရွာကြီးက ဘယ်လိုကြောင့် ပျက်စီးသွားတာလဲ အဖေ”

“အခု ငါတို့ရွာမှာ ဖြစ်တဲ့ ဝမ်းရောဂါကပ်ဆိုးမျိုးတွေ ဖြစ်တာပါပဲ၊ တစ်နေ့တစ်နေ့ မိုးဦးကျအချိန် ရောက်လာရင် လူတွေ သေတာမှ နည်းတာမှတ်လို့၊ အဲဒီလိုပဲ လေးငါးနှစ်လောက်အတွင်းမှာ တစ်ရွာလုံး နီးပါး ကုန်သလောက် ဖြစ်သွားပြီး ရွာပျက်ခဲ့ရတာပါပဲ”

ဖခင်ဖြစ်သူ၏စကားကြောင့် မောင်နှမနှစ်ယောက်မှာ ၎င်းတို့ငယ်ရွယ်စဉ်က သတင်းကြားလိုက်ရသော ထိန်ပင်ကုန်း ရွာသူရွာသားများအကြောင်းကို တွေးတောနေကြလေသည်။

“အဲဒီအချိန်တုန်းက သူတို့ရွာမှာ ကပ်ဘေးဝင်နေတော့ အဖေတို့တွေ သွားပြီးအကူအညီပေးကြရတယ်၊ ညဘက်ဆိုရင် ခွေးအူသံတွေ ကျီးအော်သံတွေကလည်း မပြတ်ပါဘူး၊ အဲဒါအပြင် တလားခေါက်သံကြီးကိုပါ ကြားခဲ့ရတယ်”

“ဟင် . . တလားခေါက်သံဆိုတာ ဘယ်လိုဟာမျိုးလဲ အဖေ”

“တလားခေါက်သံဆိုတာ သချိုင်းကနေ လူသေထည့်တဲ့ ခေါင်းတလားအခွံကြီးကို တဘုန်းဘုန်းနဲ့ ခေါက်တဲ့အသံမျိုးပေါ့”

“ဟင် . .”

ထိုစကားကြောင့် အေးရီမှာ ကျောထဲ၌ စိမ့်ကနဲ ဖြစ်သွားမိသည်။

“အဲဒီလို ခေါက်သံကြီး ကြားရပလားဆိုရင် ရွာထဲက ငိုသံကြားရတော့တာပဲ၊ အဲဒီအချိန်တုန်းကများဆိုရင် ညအချိန် ရောက်လာရင် ဘယ်သူမှ အိမ်ထဲက အိမ်အပြင်ကို မထွက်ဝံ့ကြတော့ဘူး၊ အပြင်ဘက်ကို လှမ်းကြည့်လိုက်ရင်လည်း ဟိုဟိုဒီဒီ သွားလာနေတဲ့ မည်းမည်း သဏ္ဍာန်ဆိုတာ အများကြီးပေါ့၊ အဲဒီအထဲမှာမှ ခေါင်းတလားကြီးတို့ ထမ်းပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေတဲ့ မည်းမည်းသဏ္ဍာန်ကြီးတို့

www.burmeseclassic.com



ပါ တွေ့ကြရတယ်၊ အဲဒီလိုနဲ့ပဲ သုံးလေးနှစ်လောက် ကြာတော့ ထိန်ပင်

ကုန်းရွာကြီး ပျက်စီးသွားရတော့တာပေါ့ကွယ်"

"ကြောက်စရာကောင်းလိုက်တာ အဖေရယ်"

"သူတို့ရွာပျက်တော့ အဲဒီရွာက လူအချို့လည်း ဒီရွာကို

ပြောင်းလာကြတယ်"

"ဟင်. . . ဒါဖြင့် မကောင်းဆိုးဝါးတွေက သူတို့နဲ့များ အတူတူ

ပါလာလို့ ကျွန်မတို့ရွာမှာ အခုလို ရောဂါဆိုးတွေ ဖြစ်နေတာလားဟင်"

"ဒါလည်း မဟုတ်ဘူးလို့တော့ ဘယ်သူမှ မပြောနိုင်ဘူးပေါ့

ကွယ်"

"ဘာပဲပြောပြော ကျွန်တော့်စိတ်ထဲမှာ ထိန်ပင်ကုန်းရွာဘက်

က လူတွေထဲမှာ ပါလာတဲ့ ဒေါ်ဖဲဝါနဲ့ သူ့တူတော်တဲ့ တာတေဆိုတာကို

သိပ်မသင်္ကာချင်ဘူး၊ သူတို့ကြည့်ရတာ မကောင်းဆိုးဝါးတွေနဲ့ တူသလို

ပဲ"

မောင်စိန်က ထိုသို့ပြောသောအခါ သူကြီးကိုယ်တိုင်က ဘာမှ

မပြောပဲ တွေဝေရင်း စဉ်းစားနေလေသည်။

"အဖေ. . . အခု မိုးဦးကျလာပြီဆိုတော့ မကောင်းဆိုးဝါးတွေ

မကပ်နိုင်အောင်လို့ ဘုန်းကြီးပင့်ပြီး ပရိတ်တွေဘာတွေ ရွတ်ရင်

မကောင်းဘူးလားဟင်"



"အင်း. . . ဒါလည်း ကောင်းတဲ့အလုပ်ပါပဲ၊ ပရိတ်ရွတ်ပြီး

ပရိတ်ရေ ပရိတ်ချည်တွေ ဆောင်ထားတော့ မမှားဘူးပေါ့၊ ဒီတော့

ဒါကို အခု တစ်ရက်နှစ်ရက် လုပ်ရအောင်၊ မင်းကိုယ်တိုင်ပဲ ရွာထဲက

လူတွေကို လိုက်ပြီးအကြောင်းကြားချေတော့"

သူကြီးက ပြောလိုက်သဖြင့် မောင်စိန်လည်း အိပ်ယာဝင်ရန်

အတွက် နေရာမှ ထသွားလေသည်။

အပြင်ဘက်မှာတော့ အမှောင်ထုများက ဖုံးအုပ်မြဲ ဖုံးအုပ်ထား

သလို မိုးဖွဲကလေးများကလည်း အဆက်မပြတ် ပေါ်ထွက်နေလေ

သည်။

ထိုအချိန်တွင် သုသာန်ဘက်မှ တဘုန်းဘုန်းနှင့် ထုနေသော

အသံတစ်သံက လေနှင့်အတူ ပါလာလေတော့သည်။

ထိုအသံကြီးကို ကြားလိုက်ရသူတိုင်း အသက်ရှူရပ်မတတ်

စိတ်လန့်သွားကာ ကျောထဲမှာ စိမ့်ကနဲ ဖြစ်သွားကြလေတော့သည်။

ထိုအသံသည် တလားခေါက်သံပေလား။

ဒါမှမဟုတ် မည်သို့သော အသံမျိုး ဖြစ်လေမလဲ။

မည်သူမှ မသိနိုင်ပါချေ။

www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၂)

## ဆယ်နှစ်ကြိုးကဝေ ဘယ်သူလဲ

**နောက်** တစ်နေ့ နေ့လည်ပိုင်းရောက်တော့ ကောင်စိန်က ရွာထဲလှည့်၍ တစ်အိမ်တက်ဆင်း ပရိတ်တရားနာရန် ဆိုက်လံနှိုးဆော်လေသည်။ ရွာသူရွာသားများမှာ စိတ်ထဲမှာ ကြောက်ရွံ့ ထိတ်လန့်နေစဉ် ယခုကဲ့သို့ သူကြီးက ကမကထလုပ်၍ ပရိတ်ထုံး သယူရန် စီစဉ်သည်ကို သိသောအခါ များစွာဝမ်းမြောက်သော

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြလေသည်။ ထိုကိစ္စကို ဝမ်းမသာနိုင်သူလည်း ရှိသည်။

အခြားမဟုတ်ပေ။ ဒေါ်ဖဲဝါနှင့် သူ့ဇာတူ တာတေတို့ပင်ဖြစ်သည်။ ၎င်းတို့ တူအရီးမှာ ကျတ်ကုန်းရွာမှ မဟုတ်ကြပေ။

ထိန်ပင်ကုန်းရွာ ပျက်ပြီးနောက် ပြောင်းပြေးလာသောသူများနှင့်အတူ ပါလာကြခြင်းဖြစ်သည်။

ဒေါ်ဖဲဝါမှာ အသက်ခြောက်ဆယ်ဝန်းကျင်အရွယ်ခန့် ရှိပြီး ဆံပင်နီကြောင်ကြောင်နှင့် မျက်နှာက ရှုတ်တွနေကာ လင်းတမျက်နှာနှင့်ပင် တူနေတော့သည်။ ရှုပ်ရည်က ဆိုးသည့်အပြင် စကားပြောကလည်း ကြမ်းသည်။ စကားသုံးခွန်းလောက် ပြောလျှင် ရုပ်ရင်းကြမ်းတမ်းသောစကားက တစ်ခွန်း အမြဲပါသည်။

သူ၏တူဖြစ်သူ တာတေကလည်း ရုပ်ဆိုးလှသူဖြစ်သည်။ အသားမည်းမည်း၊ အရပ်က ထောင်ထောင်မောင်းမောင်း ရှိသော်လည်း ခါးတဖက်က တိုင်းနေသောကြောင့် ဘေးသို့ စောင်းကာ ခပ်တုန်းတုန်း ဖြစ်နေလေသည်။

မျက်နှာပေါ်မှာ ကန့်လန့်ဖြတ် ဒဏ်ရာကြီးတစ်ခု ရှိပြီး မျက်လုံးများက တောင်တစ်လုံးမြောက်တစ်လုံးဖြစ်သည်။

ဒဏ်ရာကြီးက ဓားဒဏ်ရာ ဖြစ်ဟန်ရှိပြီး ပါးစပ်ပါ ရွဲ့နေကာ သွားအချို့က အပြင်သို့ ခေါ်ထွက်နေသည်။ ရုတ်တရက်ကြည့်လျှင်





အရဲသဘက်တစ်ကောင်၏ မျက်နှာမျိုးကဲ့သို့ ဖြစ်နေသည်။

လူကို ကြည့်လျှင်လည်း ရွဲ့စောင်းစောင်း ကြည့်တတ်လေရာ အကြည့်ခံရသူမှာ ကြောက်မက်ဖွယ်ရှိလေသည်။

၎င်းမှာ လမ်းလျှောက်လျှင် ခါးစောင်းကာ ထော့ကျိုးထော့ကျိုး ဖြစ်နေသဖြင့် 'ထော့ကျိုးတာတေ' ဟုလည်း ခေါ်ကြလေသည်။

ဒေါ်ဖဲဝါသည် ထိန်ပင်ကုန်းရွာသားများနှင့်အတူ ပါလာသော်လည်း ထိုရွာသားတစ်ယောက်တော့ မဟုတ်ပေ။

ထိန်ပင်ကုန်းရွာသို့ အခြားရွာမှ ပြောင်းလာပြီး ရွာပျက်သောအခါ ကျတ်ကုန်းရွာသို့ တစ်ဖန်ရောက်လာခြင်းဖြစ်ပေသည်။ အများကတော့ ဒေါ်ဖဲဝါကို မကောင်းဆိုးဝါးများနှင့် အတူတကွ နေနိုင်သော နန်းကဝေပညာ တတ်မြောက်သူဟု စွပ်စွဲကြလေသည်။

"ဒီအဖွားကြီးက ရုပ်ဆိုးပြီး စရိုက်ကြမ်းနေလို့ စုန်းမနဲ့ တူနေတာ ဖြစ်မှာပါ။ ညည်းတို့ ထင်သလို ဟုတ်ချင်မှလည်း ဟုတ်မှာပါ"

"အို. . . ဘာကြောင့် မဟုတ်ရမှာလဲ၊ ကျုပ်တို့ရွာမှာ အရင်တုန်းက ဒီလိုရှိခဲ့ဖူးတာမှ မဟုတ်တာ၊ အခု သူတို့ ရောက်လာမှ ဒီလိုဖြစ်လာတာ မဟုတ်လား၊ မဟုတ်ကာမှလွဲရော. . . ရွာမှာ အခုလို ဖြစ်နေတာတွေဟာ သူ့လက်ချက်ပဲ ဖြစ်ရမယ်"

"သေသေချာချာ မသိရသေးပဲ အရမ်းမစွပ်စွဲကြပါနဲ့အေး သူဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီပညာမျိုးတွေ တတ်ချင်မှ တတ်မှာပါ”

“အို. . . ဘာကြောင့် မဟုတ်ရမလဲ၊ သူ့ရဲ့ပုံပန်းသဏ္ဌာန်ကို ကြည့်ပါလား၊ ဆံပင်ကလည်း နီကြောင်ကြောင်နဲ့၊ မျက်ထောက်က လည်း နီနေသေးတယ်၊ အသားက မည်းမည်းနဲ့ ရုပ်ကြီးကလည်း ကြမ်း ပါတီသနဲ့၊ နောက်ပြီး စုန်းကဝေဆိုရင် သာမန်လူတွေနဲ့ မျက်လုံးချင်း ဆိုင်ပြီး ဘယ်တော့မှ ကြည့်လေ့မရှိဘူး”

“ဘာဖြစ်လို့လဲဟင်”

“ဘာဖြစ်ရမှာလဲဟဲ့. . . မျက်လုံးချင်းဆိုင်ကြည့်ရင် သူတို့ရဲ့ မျက်စိသူငယ်အိမ်ထဲမှာ လူရိပ်က ဇောက်ထိုးပေါ်နေတာကို ရှေ့က လူတွေက မြင်နိုင်တာကိုး၊ ဒါကြောင့် သူတို့က လူတွေနဲ့ တွေ့ရင် မျက်နှာချင်း မဆိုင်ဘူး၊ စကားပြောရင်လည်း ဘယ်တော့မှ မျက်နှာ ကြည့်ပြီး မပြောဘူး၊ သူ့လေသံ နားထောင်ကြည့်ပါလား၊ ဘယ်တော့မှ ချိုချိုသာသာ မရှိဘူး၊ ဒီအချက်တွေကိုကြည့်ရင် ဒေါ်ဖဲဝါဟာ မုချ စုန်းကဝေ တစ်ယောက်ဖြစ်ရမယ်၊ သူနဲ့ အတူနေတဲ့ ငထော့ကျိုးတာတေ ဆိုတာလည်း ဘယ်နည်းနဲ့မှ လူကောင်းတစ်ယောက် မဖြစ်နိုင်ဘူး၊ သရဲသဘက်ကို အသက်သွင်းပြီး ခိုင်းဖို့ ခေါ်ထားတာပဲဖြစ်ရမယ်”

ဟု အချင်းချင်း တွေ့ကြလျှင် ဒေါ်ဖဲဝါနှင့် ပတ်သက်သော အကြောင်းများကို အမျိုးမျိုး ထင်ကြေးပေးကာ ပြောဆိုကြလေသည်။





ည်သို့ပင်ရှိစေ ကျတ်ကုန်းရွာမှာရှိကြသော ရွာသူရွာသားများကတော့ ဒေါ်ဖဲဝါတို့ တူဝရီးကို ကြောက်ရွံ့ကြရသည်ကတော့ အမှန်ပင်ဖြစ်၏။

နောက်ကွယ်ရာမှာက အမျိုးမျိုးအဖုံဖုံ ပြောနေကြသော်လည်း ဒေါ်ဖဲဝါရှေ့ ရောက်လျှင် စကားကို မာမာပြောဖို့ မဆိုထားနှင့်၊ မျက်နှာ ကိုပင် ရဲရဲဝံ့ဝံ့ မကြည့်ဝံ့ကြပေ။

နံနက်လင်းပြီဆိုသည်နှင့် ဒေါ်ဖဲဝါကြီးက တဘက်အနက် တစ် ထည်ကို ခေါင်းပေါ် တင်ကာ ဆန်ချေး၊ ဆီချေး ထွက်လေ့ရှိသည်။ ထိုသို့ လာချေးပြန်လျှင်လည်း ဘယ်သူကမှ မငြင်းပယ်ဝံ့ဘဲ မရှိရှိတာကို တော့ မျှကာ ချေးငှားကြရသည်။

ထိုသို့ ချေးလိုက်လျှင်လည်း ဘယ်သောအခါမှ ပြန်လာဆပ် လေ့ မရှိပေ။ ဒေါ်ဖဲဝါကို ချေးလိုက်သော ဆန်ဆီတို့မှာ ကြက်သောက် သောရေကဲ့သို့ ပြန်ရလေ့မရှိပေ။

ထိုကဲ့သို့ ပြန်မဆပ်သော်လည်း ဘယ်သူကမှ သွားမတောင်းရဲ ပေ။ မာမာထန်ထန်လည်း မပြောဝံ့ကြသည့်အပြင် နောက်တစ်ကြိမ် ဒေါ်ဖဲဝါ ရောက်လာပြီး ချေးပြန်လျှင် မရှိ့ရှိတာကလေးများထဲမှ ဖဲ့ပြီး ချေးလိုက်ကြရပြန်သည်။

အချို့ကတော့လည်း နောက်ကွယ်ရာမှာ တိုးတိုးတိတ်တိတ်ဘဲ အတင်းပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လည်း ရွာကို ဒီမိန်းမကြီး ရောက်လာကတည်းက ကိုယ့်လုပ်စာကို ကိုယ်ဝအောင်စားရတယ် မရှိတော့ပါဘူး၊ မရှိ့ရှိတာလေးတွေ သူလာချေးရင် ပေးနေရတာနဲ့ သူ့ကို လုပ်ကျွေးနေသလို ဖြစ်နေပါပြီ"

"ဟုတ်ပါရဲ့တော်. . . ဒီမိန်းမကြီးကလည်း ချေးသွားပြီးရင် ဘယ်တော့မှ ပြန်ဆပ်ရိုးထုံးစံ မရှိတော့ဘူး၊ မိုက်ကြေးခွဲပြီး စားနေသလို ဖြစ်နေတော့တာပဲ"

"ဒါပေမယ့် သူလာချေးရင် အရင်က ချေးထားတဲ့ ကြွေးကို ပြန်တောင်းဝံ့ဖို့ နေနေသာ ရှိတာလေးထဲက ဖဲ့ပြီးချေးလိုက်ကြရတာပဲ မဟုတ်လား"

"ချေးပြန်ရင် သူက စုန်းပညာနဲ့ ပြုစားမှာဆိုတော့ မကြည်ဖြူလည်း ဒီလိုပဲ ချေးနေရတာပေါ့"

"သူတစ်ပါးပစ္စည်းကို မတရား ယူစားနေတဲ့သူတော့ တစ်နေ့ကျရင် ဝဋ်လည်မှာပါ"

ဟု ပါးစပ်က ဖွင့်မပြောဝံ့သော်လည်း စိတ်ထဲမှ အငြိုးအတေးမှတ်ထားကြလေသည်။

ယခုလည်း မောင်စိန်နှင့် အဖော်တစ်ယောက်တို့က ပရိတ်ရွတ်ရန်ကိစ္စအတွက် အသိပေးရန် တဲရှေ့သို့ ရောက်သောအခါ တဲအတွင်းမှ





ထော့ကျိုးတာတေက ထွက်လာသည်။

သူသည် မောင်စိန်တို့ကို မသင်္ကာသော မျက်လုံးဖြင့် ကြည့်လိုက်လေသည်။

"ဘာကိစ္စလဲ"

"ဒေါ်ဖဲဝါ ရှိပါသလား"

"အဖွားလေး ညက စုန်းတောက်စားပြီးတော့ အိပ်နေတယ်၊ ပြောစရာရှိရင် ကျုပ်ကို ပြောခဲ့ပါ"

ဟု အသံပြဲပြဲကြီးနှင့် ပြောလိုက်လေသည်။

"တခြားမဟုတ်ပါဘူး. . . ရွာထဲမှာ ပရိတ်တရားနာဖို့ ရှိတယ်၊ ပရိတ်အိုး ပို့ပြီး ပရိတ်နာရအောင် လာပြောတာပါ"

"အဲဒီကိစ္စတွေက ကျုပ်တို့ကိစ္စ မဟုတ်ဘူး၊ လာလည်း မလာနိုင်ပါဘူး"

ဟု ပြောကာ ထော့ကျိုးတာတေက တဲအတွင်းသို့ ပြန်ဝင်သွားလေရာ မောင်စိန်တို့လည်း ထိုနေရာမှ ပြန်လှည့်ခဲ့ရလေသည်။

ထိုအကြောင်းကို အိမ်သို့ ပြန်ရောက်သောအခါ မောင်စိန်တဖခင်ဖြစ်သူကို အကျိုးအကြောင်း ပြောပြလေသည်။

"အဖေ. . . ဒီမိန်းမကြီးကို ရွာမှာ ဆက်ထားရင်တော့ ကြီးမားတဲ့ အန္တရာယ် ဖြစ်လိမ့်မယ်ထင်တယ်၊ သူတို့ကို ရွာကနေ အပြီးသုံး နှင်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်လိုက်ရင် ကောင်းမယ်ထင်တယ်"

"မင်းက ပြောတော့ လွယ်တာပဲ မောင်စိန်ရဲ့၊ သူက စုန်းကဝေ ပညာတတ်တယ်လို့ သတင်းထွက်နေတာ မဟုတ်လား"

"ဟုတ်တယ် အဖေ၊ ကျွန်တော်တို့ ရောက်သွားတော့တောင်မှ ညက စုန်းတောက်စားနေလို့ အိပ်နေတယ်လို့ သူ့တူက ပြောလိုက်သေးတယ်"

"အေးလေ. . . အဲဒီလိုလူမျိုးကို ဘယ်လိုလုပ်ပြီး နှင်ပစ်လို့ ရမှာလဲ၊ ငါက သွားပြောလိုက်တာနဲ့ ငါ့ကို ပြုစားမှာပေါ့ဟ"

"အဲဒီလို အဖေ မလုပ်ဝံ့ရင်လည်း မြို့ရောက်တဲ့အချိန်မှာ ဘုရားကြီးဂါတ်တဲ ဝင်ပြီး အကြောင်းကြားလိုက်ပါလား၊ ဒါမှ ပုလိပ်တွေက သူ့ကို လာဖမ်းသွားကြမှာပေါ့"

"လူတစ်ယောက်မှာ လက်ဆုပ်လက်ကိုင် ပြနိုင်လောက်တဲ့ ပြစ်မှုတစ်ခု မရှိဘဲ အကြောင်းမဲ့ ဖမ်းလို့ မရဘူးကွ"

ဟု ပြောဆိုကာ ဒေါ်ဖဲဝါနှင့် တူဝရီးနှစ်ယောက်ကို ဒီအတိုင်းသာ ကြည့်နေကြရလေသည်။

တစ်နေ့သောအခါ ကျုတ်ကုန်းရွာသို့ ဆရာကြီးတစ်ယောက်နှင့် တပည့်တစ်ယောက်တို့ ရောက်လာတော့သည်။

၎င်းတို့နှစ်ယောက်သည် မေးရင်းစမ်းရင်းနှင့် သူကြီးဦးပန်းစိန်





အိမ်သို့ ရောက်လာကြသည်။

ဦးပန်းစိန်ကလည်း ရေငတ်တုန်း ရေတွင်းထဲ ကျသကဲ့သို့ မိမိရွာတွင် စုန်းကဝေများကို ကြောက်ရွံ့နေရချိန်လည်းဖြစ်၊ နှစ်စဉ်ဖြစ်နေကျ ရောဂါများကလည်း ဖြစ်တော့မည့်အချိန်က တဖြည်းဖြည်းနှင့် ကပ်လာသောအချိန်မျိုးတွင် ယခုကဲ့သို့ ဆရာကြီးတစ်ယောက် မျှော်လင့်ပဲ ရောက်လာသဖြင့် အားလည်းတက်၊ ဝမ်းလည်း သာသွားသည်။

"ကြွပါ ဆရာကြီး. . . ကြွပါခင်ဗျာ"

ဟု အိမ်ပေါ်သို့ ဖိတ်ခေါ်ကာ ကွမ်းဆေးလက်ဖက် စသည်တို့ဖြင့် ဧည့်ခံလေသည်။

"ကျုပ်နာမည်က ဦးသူတော်လို့ ခေါ်ပါတယ်၊ ဒါက ကျုပ်ရဲ့တပည့် မောင်ကျော်ပါ၊ ကျုပ်က အထက်ဂိုဏ်းဆရာတစ်ဦး ဖြစ်ပါတယ်၊ အနယ်နယ်အရပ်ရပ်မှာ ရှိတဲ့ သချိုင်းတွေမှာ အဓိဋ္ဌာန် လှည့်ဝင်နေရင်း ဒီသချိုင်းကို ရောက်လာတာပါ"

"အော်. . . ဟုတ်လား"

"သချိုင်းရောက်ပြီး အဓိဋ္ဌာန်ဝင်ဖို့ ပြင်ဆင်နေတဲ့အချိန်မှာပဲ သက်ဆိုင်ရာပုဂ္ဂိုလ်တွေရဲ့ သတိပေးတာကြောင့် ရွာနဲ့ ပတ်သက်ပြီး ထူးခြားတာတွေကို သိခဲ့ရပါတယ်၊ ဒါကြောင့် သူကြီးကို ပြောပြရ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပါ”

ဦးသူတော်က အေးဆေးတည်ငြိမ်သော အမူအယာဖြင့် ပြော သော်လည်း ဦးပန်းစိန်နှင့်တကွ နံဘေးနားမှာ နားထောင်နေကြသော လူများမှာလည်း စိတ်ဝင်တစား ဖြစ်သွားကြလေသည်။

“ဘာ. . ဘာတွေများ ထူးခြားတာတွေ တွေ့ခဲ့လို့လဲ ဆရာကြီး ပြောပြပါ”

“တခြားတော့ မဟုတ်ပါဘူး၊ ခင်ဗျားတို့ရွာမှာ နှောင့်ယှက်မယ့် လူရှိနေတယ်ဗျ၊ သူကြီးအနေနဲ့ ရိပ်မိရဲ့လား”

“ဗျာ. . .”

ဟု ပါးစပ်အဟောင်းသား ဖြစ်သွားပြီးမှ . .

“ရိပ်. . ရိပ်မိပါတယ်”

ဟု ခပ်တိုးတိုး ပြောလိုက်ကာ နံဘေး ပတ်ဝန်းကျင်ကိုလည်း စိတ်မချသလို အကဲခတ်ကြည့်လိုက်သည်။

“ဒီလောက်လည်း ကြောက်စရာ မလိုပါဘူးလေ၊ ကျုပ်ရှိနေတဲ့ နေရာကို ဘယ်လိုမိစ္ဆာမျိုးမှ အနားတောင် မကပ်နိုင်ပါဘူး”

“အား. . အားကိုးပါရစေ ဆရာကြီးရယ်”

“အခု ရွာမှာ ရောက်နေတဲ့ နှောင့်ယှက်သူက သာမန်ပညာ အဆင့်တောင် မဟုတ်တော့ဘူး၊ ဆယ့်နှစ်ကြိုး စီးနိုင်တဲ့ ကဝေအဆင့်





ရှိ ရောက်နေတဲ့ ပညာသည်တစ်ယောက်ပဲဗျ”

“ဟင်. .”

ဦးပန်းစိန်တို့မှာ တစ်ယောက်နှင့်တစ်ယောက် ဖွင့်မပြောကြ သော်လည်း ဒေါ်ဖဲဝါမျက်နှာကို ပြေးမြင်လိုက်ကြလေသည်။

“သူ ဒီရွာကို ရောက်လာပြီးတဲ့နောက်ပိုင်းမှာ ရောဂါဆိုးတွေ ကြာခဏဆိုသလိုဖြစ်ပြီး လူတွေ အသေအပျောက် ရှိကြတယ် မဟုတ် ဘူး”

“ဟုတ်ပါတယ် ဆရာကြီး၊ နှစ်စဉ် မိုးဦးကျ ရောက်လာပြီဆိုရင် ဒီရောဂါတွေ ဖြစ်ပြီး လူတွေ အတော်ကလေး သေပါတယ်၊ အရင်က ကျုပ်တို့ရွာကြီးဟာ အိမ်ခြေငါးရာကျော် ရှိပါတယ်၊ တစ်နှစ်တစ်နှစ် ဒီရောဂါတွေ နှိပ်စက်တာ အခုဆိုရင် တစ်ဝက်တောင် မကျန်တော့ပါ ဘူး”

ဦးပန်းစိန် ပြောသမျှကို ဆရာကြီးက ခေါင်းတညိတ်ညိတ်နှင့် နှုတ်စိမ့်ကာ နားထောင်နေသည်။

“အခုဆိုရင် ရွာထဲမှာ မနေဝံ့ကြတော့လို့ ပြောင်းပြေးတဲ့လူတွေ လည်း အတော်များပါပြီ၊ မရွှေ့မပြောင်းသာတဲ့လူတွေလောက်ပဲ ရွာမှာ ကျန်ခဲ့ပါတယ်၊ အခုလည်း ရောဂါတွေ မဖြစ်ခင် ပရိတ်ကလေးဘာ လေး ရွတ်ဖို့ စီစဉ်နေကြတာပါ ဆရာကြီး”



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း အမိဋ္ဌာန်ဝင်ဖို့ လာရင်း ဒီအကြောင်းတွေကို သိလို့ ရွာထဲကို ဝင်လာခဲ့တာပါ၊ ကူညီတန်သရွေ့တော့ ကူညီပေးပါ့မယ် ကာကွယ်တန်တာတွေလည်း ကြိုတင်ပြီး ကာကွယ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ အခုလို မမျှော်လင့်ဘဲ ဆရာကြီး ရောက်လာတာဟာ နတ်ကောင်းနတ်မြတ်တွေက ကျွန်တော်တို့ရွာကို ကယ်တင်ဖို့ လွှတ်ပေးလိုက်သလိုပါပဲ၊ အားကိုးပါရစေ ဆရာကြီးရယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့လေ၊ ဒါပေမယ့် ကျုပ်ပြိုင်ရမယ့် ပညာသည်ကတော့ ပေါ့ပေါ့သေးသေး မဟုတ်ဘူးဗျ၊ သူဦးကိုယ်ဦး လုပ်ရမှာပဲ"

"ဝမ်းသာပါတယ် ဆရာကြီးရယ်၊ ဒါထက် ဆရာကြီးတို့က ကျုပ်အိမ်မှာပဲ တည်းခိုနေထိုင်ကြမှာလား၊ ဒီမှာနေရင်လည်း ဘာမှ အားနာစရာ မရှိပါဘူး၊ ဒါမှမဟုတ် ဘယ်လိုများ စီစဉ်ပေးရမလဲ ပြောပါ"

"ကျုပ်က အမိဋ္ဌာန်ဝင်မှာဆိုတော့ လူတွေနဲ့ ရောနေလို့ မဖြစ်ဘူး၊ ဒီရွာထိပ်မှာ ဇရပ်တစ်ဆောင် ရှိတယ်မဟုတ်လား၊ အဲဒီနေရာမှာပဲ ကျုပ်တို့ ဆရာတပည့်နှစ်ယောက် သွားနေပါ့မယ်"

"ကောင်းပါပြီ. . . ဆရာကြီးတို့ အဆင်ပြေသလိုသာ နေပါ





အားဖို့သောက်ဖို့အတွက် ဘာတစ်ခုမှ မလစ်လပ်ရအောင် စီစဉ်ပေးပါ့မယ်"

"ဒါထက် သူကြီးကို တစ်ခုတော့ မှာထားရဦးမယ်"

"ဘာများလဲ ဆရာကြီး"

"ဒီရွာကို ဒုက္ခပေးနေတဲ့ ပညာသည်က သာမည မဟုတ်တော့ သူ့ပညာကြိုးတွေက အတော်ကလေး စီးမိနေပြီ"

"ဟင်. ."


"ဒီတော့ လမိုက်ညတွေမှာ သချိုင်းတလားခေါက်သံ ကြားရင်တော့ အားလုံး သတိဝီရိယနဲ့ နေထိုင်ကြပါ၊ သိပ်ပြီးလည်း အကြောက်လွန်ကြပါနဲ့၊ အကြောက်လွန်ရင်တော့ ဥပါဒ်ဖြစ်ပြီး အသက်ပါလိမ့်မယ်"

ဟု မှာကြားကာ ဦးသူတော်နှင့် ၎င်း၏တပည့်တို့သည် ဆေးလွယ်အိတ်ကြီးကို လွယ်ကာ ဇရပ်ဘက်သို့ ထွက်သွားကြလေတော့သည်။ မည်သို့ပင်ရှိစေ. . ယခုကဲ့သို့ မမျှော်လင့်ဘဲ ဆရာတစ်ယောက် ရောက်လာသဖြင့် ရွာသူရွာသားများစိတ်ထဲမှာ များစွာအားတက်လာသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

# ပယောဂကုထုံးနှင့် လျှို့ဝှက်ချက်

ရွာသို့ ဆရာကြီးဦးသူတော် ရောက်လာပြီးနောက်ပိုင်းမှာ ရွာသူရွာသား အတော်များများမှာ ဒေါ်ဖဲဝါအပေါ် ကြောက်ရွံ့စိတ်သိပ်မများတော့ပေ။

ယခင်ကတော့ အားကိုးရမည့်သူ မရှိသေးသောကြောင့် နည်းနည်းလေးမှ မလှုပ်ဝံ့ကြပဲ ပြောသမျှ ငုံ့ခံ၊ ပြုသမျှ နုခဲ့ကြရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယခုနောက်ပိုင်းတော့ အချိုးပြောင်းလာကြသည်။

တော်ရုံရောဂါ ဖြစ်လျှင်လည်း ဇရပ်မှာ အဓိဋ္ဌာန်ဝင်နေသော ဦးသူတော်ကို သွားခေါ်ပါက လိုက်လာပြီး ကုသပေးပါက သက်သာ ပျောက်ကင်းမှု ရရှိကြလေသည်။

သို့ကြောင့်. . .

အချို့ဆိုလျှင် ယခင်ကတည်းက မကျေနပ်မှုများ ရှိနေသဖြင့် ဒေါ်ဖဲဝါကို အာခံသူက အာခံလာကြသည်။

"ခင်ဗျား ဆန်ချေးတိုင်း မပေးနိုင်တော့ဘူး၊ ခင်ဗျား လာချေး ရင်လည်း ဘယ်တော့မှ ပြန်ရတယ်လည်း မရှိဘူး၊ ခင်ဗျားလာတောင်း တိုင်း ပေးနေရတာနဲ့ အိမ်မှာ စားဖို့တောင် မကျန်တော့ဘူး. . . မပေး နိုင်ပါဘူးဗျာ"

ဟု ပြောသူကပြော. . .

"ဒေါ်ဖဲဝါ. . . အားတော့ နာပါရဲ့၊ အရင်ယူထားတဲ့ကြွေးတွေ က အများကြီး ရှိနေသေးလို့ ဒီတစ်ခါတော့ မပေးနိုင်တော့ပါဘူး"

ဟု ဆိုသူကဆိုနှင့် ဒေါ်ဖဲဝါမှာ ယခင်ကလို လွယ်လွယ်ကူကူ နှင့် ချေး၍ငှား၍ မရတော့ပေ။

"ဘာလဲ. . . နင်တို့က ဘာမဟုတ်တဲ့ ဟိုဆရာ အစုတ်ပလုတ် ရောက်လာလို့ ငါ့ကို အာခံနေကြတာလား၊ မကြာခင် ငါ့အကြောင်း





သိရစေမယ်"

ဟု ပြောဆိုကြိမ်းမောင်းကာ ပြန်သွားလေသည်။

အမှန်တော့ ရွာသူရွာသားများမှာ နောက်မှ ရောက်လာသော ဆရာကြီးဦးသူတော်ကို အားကိုးသဖြင့် ထိုကဲ့သို့ ပြောရသော်လည်း အကယ်ဆိုမူ ဒေါ်ဖဲဝါကို ကြောက်ရွံ့နေကြသေး၏။

ဤသို့ဖြင့် အချိန်မှာလည်း မိုးဦးကျရာသီ ရောက်လာပြီ ဖြစ် သောကြောင့် တောင်ပေါ်မှ ဆင်းလာကာ တောင်ကျရေ၊ ဖက်သွပ်ရေ များကလည်း ရေတွင်းရေကန်များထဲသို့ ဝင်စပြုလာချေပြီ။

ထိုရေများကို သုံးစွဲသော ရွာသူရွာသားအချို့တို့မှာ ဝမ်းရောဂါ များ စတင်ဖြစ်ပွားလာတော့သည်။

ထိုအခါမှ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်လာကြကာ ကြောက်ရွံ့ လာကြသည်။

"ညည်းတို့ကို ငါမပြောဘူးလား၊ ဒေါ်ဖဲဝါကြီးကို မကြိုက်တာ မလုပ်ကြပါနဲ့လို့ အတန်တန် မှာထားလျက်နဲ့ သွားလုပ်တော့ အခု သိပြီမဟုတ်လား၊

သူလာချေးတဲ့ဆန်တစ်ခွက်က ဘယ်လောက်များ တန်ဖိုးရှိလို့ လဲ၊ ဆီတစ်ဆယ်သားက ဘယ်လောက် တန်ဖိုးရှိလို့လဲ၊ အသေ ထစ်ချောင်းထိလိုက်ရင် ဒါတွေနဲ့ ကာမိလို့လား၊ ညည်းတို့ကိုတ မူး



www.burmeseclassic.com

တယ်လေ"

"ကျွန်မတို့လည်း ရွာမှာ ဆရာရောက်လာတော့ အားကိုးအားထား ရပြီဆိုပြီး ပြောလိုက်မိတာပါ။ အခု အိမ်မှာ ကိုခွေးပု ဝမ်းရောဂါ စဖြစ်နေပြီ. . . ဘယ်လိုလုပ်ရမလဲဟင်"

ဟု အထိတ်တလန့် ဖြစ်ကြလေသည်။

"နင်တို့ ဆေးဆရာနဲ့ ကုတာလည်း ကုတာပေါ့၊ ငါသဘောအရ ပြောရရင် ဒေါ်ဖဲဝါကို သူကျေနပ်အောင် တောင်းပန်ပြီး သူလိုချင်တဲ့ ဆန်လေးဆီလေး ပေးလိုက်ကြည့်ပါလား၊ သူစိတ်ပြေသွားတော့လည်း ညည်းယောကျ်ား ရောဂါသက်သာရင် သက်သာလာမှာပေါ့"

ဟု ရှေးအယူအဆစွဲ ရှိသူများ၏တိုက်တွန်းမှုကြောင့် အချို့က လည်း ဒေါ်ဖဲဝါ ရှိရာသွား၍ ဆန်၊ ဆီများ ပေးကမ်းကာ တောင်းပန် တိုးလျှိုးကြသည်။

ထိုသို့ သွားရောက်တောင်းပန်လျှင် ဒေါ်ဖဲဝါက. . .

"အင်း. . . အခုလို လာပြီးတောင်းပန်တော့လည်း ကျေနပ်ရ ပေမပေါ့၊ နောက်ကို ဒီလိုမလုပ်မိဖို့သာ အရေးကြီးတယ်၊ ငါက နင်တို့ဆီက ဆန်ဆီချေးတယ်ဆိုတာ ငါချည်း စားရတာ မဟုတ်ဘူး. . .၊

သတ်ဆိုင်သူတွေကိုလည်း ကျွေးမွေးရသေးတယ်၊ သူတို့ကို ကျေနပ်အောင် ကျွေးမွေးမှ ရွာက လူတွေကို ရောဂါဘယကင်းအောင် ဆောင်ရှောက်ပေးကြမှာပေါ့။

ကဲ. . . ကဲ. . .၊ ဒီဆေးကို ယူသွားပြီး နင့်ယောကျ်ားကို တိုက်ပေးလိုက်. . . ရောဂါသက်သာသွားလိမ့်မယ်"

ဟု ပြောကာ ဆေးအချို့ကို ပေးလိုက်ရာ ထိုဆေးကို ရောဂါဖြစ်နေသူအား တိုက်ပေးလိုက်ရာ ဝမ်းရောဂါ ဖြစ်နေရာမှ သက်သာသွားတော့သည်။ အချို့ကလည်း အယုံအကြည် မရှိသဖြင့် မပေးမကမ်းဘဲ နေကြလေသည်။

ထိုရက်များအတွင်းမှာပင် လမိုက်၍ အမှောင်ဖုံးသောရက်များ ရောက်လာလျှင် သင်္ချိုင်းဘက်မှ ခွေးအူသံများ အဆက်မပြတ် ကြားရခြင်း၊

ရွာထဲမှ ခွေးများ စူးစူးဝါးဝါး ထိုးဟောင်ခြင်း၊ အမှောင်ရိပ်ထဲမှ ကြောက်မက်ဖွယ်ကောင်းသော ရယ်သံကြီးများ၊ ငြီးငြူသံများကို ကြားကြရသည်။ ထိုအချိန်မျိုးတွင် ဘယ်သူမှလည်း အပြင်မထွက်ဝံ့ကြတော့ပေ။

အချို့ကလည်း မိမိတို့ ခြံဝန်းပတ်ဝန်းကျင်မှ ခွေးအူသံ၊ ခွေးဟောင်သံများ ကြားရသဖြင့် လှုပ်ရှားသွားလာနေသော မည်းမည်း သဏ္ဌာန်များကို ပိုးတဝါး လှမ်းမြင်ကြရသည်။

အချို့ဆိုလျှင် ရွာအပြင်ဘက် အမှောင်ရိပ်ထဲမှာ ခေါင်းဆောင်း







www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ထမ်းလျက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော မည်းမည်း သဏ္ဌာန်ကြီးကို လှမ်းမြင်လိုက်ရသည်။

ထိုသို့ မြင်ရပြီး မကြာမီမှာပင် ရွာအပြင် သင်္ချိုင်းရှိရာဘက်မှ တဗုန်းဗုန်းနှင့် တလားခေါက်သံကြီးကို ကြားရလေတော့သည်။

ထိုတလားခေါက်သံကြီး ပေါ်လာလျှင် ခွေးအူသံများကလည်း နေရာအနှံ့မှ ပေါ်လာလေတော့သည်။

"ဗုန်း. . ဗုန်း. . ဗုန်း"

"အူ. . ဝူ. . ဝူ. . "

"ဗုန်း. . ဗုန်း. . ဗုန်း"

"အူ. . ဝူ. . ဝူ"

ထိုအသံများကို ကြားရသောအခါ နဂိုကမှ နေစရာ မရှိအောင် ကြောက်လန့်နေကြသော ရွာသူရွာသားများမှာ ဆောက်တည်ရာ မရနိုင်လောက်အောင် ဖြစ်ကြတော့သည်။

ထိုအသံများ ဖြစ်ပေါ်လာပြီဆိုလျှင် ရောဂါနည်းနေသူများက ပိုဆိုးလာပြီး ရောဂါများနေသူများမှာ တစ်ယောက်ပြီးတစ်ယောက် တဖြုတ်ဖြုတ်နှင့် သေဆုံးသွားကြလေသည်။

"ဟော. . . တလားခေါက်သံကြီး ကြားလာရပြီ၊ သူတို့ လာခေါ်တော့မယ်. . . လာခေါ်တော့မယ်"





"ဟော. . . ဟိုမှာ အမှောင်ရိပ်ထဲမှာ မည်းမည်းသဏ္ဌာန်ကြီး ရပ်ပြီး လက်ယပ်ခေါ်နေပြီ၊ လိုက်သွားရတော့မယ်. . . လိုက်သွားရတော့မယ်"

"ဒီတလားခေါက်သံကြီးက ကျုပ်ကို လာခဲ့ဖို့ အချက်ပေးနေတဲ့ အသံဗျ၊ မနေရတော့ဘူး ထင်ပါရဲ့"

"အမယ်လေး. . . လာပါပြီရှင်. . . လာပါပြီ"

ဟု အော်ရင်းဟစ်ရင်းနှင့် သေဆုံးသွားကြသူများကလည်း နည်းတော့ပေ။

သေဆုံးကြသူများမှာ ရောဂါဖြစ်နေသည့်အခံ ရှိနေသည်က တစ်ကြောင်း၊ ဥပါဒါန်အစွဲ ရှိနေသည်က တစ်ကြောင်းကြောင့် သုသာန်ဘက်မှ တလားခေါက်သံကြီးပေါ်လာလျှင် နေစရာမရှိအောင် ကြောက်လန့်ကာ ရောဂါသည်းလာပြီးနောက် တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားကြခြင်းဖြစ်လေသည်။

ထိုသို့ ရောဂါဖြင့် သေသူများကို ရွာထဲ၌ မထားရသဖြင့် သုသာန်သို့ ချက်ချင်းပို့၍ သင်္ဂြိုဟ်ကြရသည်။

အချို့ကလည်း ခေါင်းတလားဖြင့် ထည့်ကာ သယ်ယူသွားကြပြီး အချို့မတတ်နိုင်သူများ၊ အချိန်မရသူများကတော့ ခေါင်းတလားမဝယ်နိုင်ဘဲ ဖျာလိပ်ဖြင့် ပတ်ကာ သုသာန်ရောက်အောင် ယူသွားကြရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုသို့ဖြစ်သလို ယူသွားကြသောအခါ ခြေထွက်၊ လက်ထွက်၊ ခေါင်းထွက်နှင့် မြင်ရသူတို့ပင် စိတ်မခိုင်နိုင်အောင် ဖြစ်ကြရလေသည်။

အချို့အလောင်းများမှာ ဖျာလိပ်အပြင်ဘက်သို့ လက်က ထွက်နေလေရာ ထမ်းသွားသောအခါ ထိုလက်များက တလှုပ်လှုပ် ဖြစ်နေလေသည်။

ထိုအခါ လှမ်းမြင်ရသူများ စိတ်ထဲမှာ. . .

သွားလေသူက လက်ပြနှုတ်ဆက်သွားတာလား. . .၊

ဒါမှမဟုတ် နောက်က လိုက်ခဲ့ဖို့ ခေါ်သွားတာလား. . .၊

ဟု အမျိုးမျိုး တွေးကာ ထိတ်လန့်တုန်လှုပ်ကြရလေသည်။

ထိုကဲ့သို့ ရောဂါများ ဖြစ်လာပြီဆိုသည်နှင့် အချို့လည်း ရွာမှာ ဆက်မနေဝံ့ကြတော့။

မူလစီစဉ်ထားသည့်အတိုင်း အခြားနေရာသို့ ပြောင်းပြေးကြရာ နောက်ဆုံးတော့ ရွာထဲမှာ တံခါးပိတ်ထားသောအိမ်က ပိုများလာသည်။

ထိုရက်များအတွင်းမှာပင် သူကြီးဦးပန်းစိန်က ဦးဆောင်၍ ဘုန်းကြီးများ ပင့်ကာ ပရိတ်ရွတ်ခြင်း၊ ကမ္မဝါဖတ်ခြင်းများ ပြုလုပ်လေရာ နောက်ပိုင်းမှာ လူအသေအပျောက် နည်းသွားသော်လည်း ဝမ်း





ရောဂါဖြစ်သူအချို့ကတော့ ရှိနေဆဲပင်။

ထိုအခါ အချို့က ဒေါ်ဖဲဝါထံ သွားပြီး တောင်းပန်တိုးလျှိုးပြီး ဆေးဝါးတောင်းသူကတောင်း၊ ရွာထိပ် ဇရပ်ပေါ်မှာ အမိဋ္ဌာန်ဝင်နေသည်ဆိုသော ဦးသူတော်ထံသို့ သွား၍ ဆေးကုသူကုနှင့် မိမိတို့ စိတ်သန်ရာကို ပြုလုပ်ကြလေသည်။

ဦးသူတော်မှာ အသက်ခြောက်ဆယ်အရွယ်ခန့် ရှိကာ ပုဆိုး အကျီအဖြူ ခေါင်းပေါင်းအဖြူကိုသာ ဝတ်ဆင်လေသည်။

၎င်းနှင့်အတူ ဆေးလွယ်အိတ်တစ်လုံး၊ တောင်ဝှေးတစ်ချောင်း၊ ကြီးမားသော ပုတီးကြီးတစ်ကုံး ပါလေသည်။

နောက်မှာလည်း လက်တိုလက်တောင်း စေခိုင်းရန် တပည့် တစ်ဦးလည်း ပါသည်။

တစ်ခါက ၎င်းထံသို့ ခြေထောက်တွင် ညှောင့်စူးမိရာမှ အနာ မန်းဝင်ကာ မခံမရပ်နိုင်လောက်အောင် ခံစားနေရသူတစ်ဦး ရောက်လာပြီး ပြသည်။

ဦးသူတော်က အနာအခြေအနေကို ကြည့်ရုံဖြင့် ညှော်မိ၍ အနာမန်းတက်နေမှန်း သိလေသည်။

သို့သော်လည်း. . .

"ဒါ. . . ရွာထဲမှာ ရှိတဲ့ ရွာသူတစ်ယောက်က မတော်တဆ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတာပဲ၊ ဟုတ်မဟုတ် သိရအောင် ဆေးတော်နဲ့ ဖြူးပြမယ် အနာထဲက ပိုးလောက်တွေ ထွက်လာရင် ပယောဂ ဝင်နေတယ်လို့မှတ် ပယောဂ မဟုတ်ရင် ဘာမှ မထူးခြားတာ တွေ့ရလိမ့်မယ်"

ဟု ပြောကာ လေလုံအောင် ပိတ်ထားသော ပုလင်းကို ဖွင့်၍ ဆေးမှုန့်အချို့နှင့် အနာပေါ်သို့ ဖြူးချလိုက်ရာ ခဏကြာသောအခါ ပိုးလောက်များ ထွက်လာသည်ကို တွေ့ကြလေရာ ကြည့်နေသူများမှာ တအံ့တဩဖြစ်ကြရသည်။

"အမှန်ပါပဲ ဆရာရယ်၊ ရွာထဲက ကဝေမကြီးပဲ လုပ်ထားတာ ဖြစ်မှာပါပဲ၊ တစ်လောက ဆန်လာချေးတာကို မချေးလိုက်လို့ အခုလို လုပ်တာ ဖြစ်မှာပါပဲ၊ ခြေထောက်အနာ သက်သာလို့ကတော့ ဒင်းကို ဓားနဲ့ သွားသတ်ပစ်မယ်"

"ဒီလောက်လည်း ဒေါသမကြီးပါနဲ့လေ၊ သူ့အပြစ်နဲ့သူ တစ်ချိန်ကျတော့ ခံရမှာပါ၊ သူ့အပြစ်ကို ကိုယ့်အပြစ် မဖြစ်ပါစေနဲ့"

"ဆရာကြီး တောင်းပန်လို့သာပဲ၊ လူတွေကို အမျိုးမျိုး ဒုက္ခပေးနေတဲ့ ဒီမိန်းမကြီးကိုတော့ ကျေကို မကျေနပ်ဘူး"

"ကဲပါလေ. . . စိတ်ကို လျှော့လိုက်ပါတော့၊ အနာကို ပျောက်ကင်းအောင် ကုပေးပါ့မယ်"

ဟု ပြောဆိုကာ မန်းဝင်နေသောအနာကို ဖန်ရေဆေးခြင်း





အနာဝ ဖော်၍ မန်းဆေးထည့်ခြင်း၊ ညှော်ထွက်စေရန် ဆေးများ တိုက်ကျွေးခြင်းဖြင့် ကုသပေးရာ ရက်ပိုင်းအတွင်း သက်သာပျောက်ကင်းသွားလေတော့သည်။

ဦးသူတော်၏နာမည်ဂုဏ်သတင်းမှာလည်း ပျံ့နှံ့ကျော်ကြားလာလေတော့သည်။ ကျုတ်ကုန်းရွာသာမက အခြားရွာများမှပင် လာရောက်ကုသ ကြလေသည်။

တစ်နေ့တော့ အခြားရွာတစ်ရွာမှ ကရင်အဖိုးကြီးနှင့် အမယ်ကြီး လင်မယားနှစ်ယောက် ရောက်လာသည်။

၎င်းတို့နှင့်အတူ ဝမ်းရောဂါ ဖြစ်နေသော မြေးကလေးပါ ပါလာလေသည်။

"ကျုပ်မြေးကလေးရဲ့အသက်ကို ရအောင်ကယ်ပေးပါ၊ ဆရာတို့ ကျေနပ်လောက်အောင် ကန်တော့ပါ့မယ်"

ပြောဆို အပ်နှံသဖြင့် ကလေး၏ရောဂါအခြေအနေကို စစ်ဆေးကြည့်သောအခါ လျှာကို မြင်သည်နှင့် မှက္ခရုဝမ်း ဖြစ်ကြောင်း သိရလေသည်။

"ဒီကလေး ရောဂါဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"ရောဂါဖြစ်တာတော့ ခြောက်ရက်လောက် ရှိသွားပြီ ဆရာ။ ငါတို့ရွာမှာ ဆရာကောင်းကောင်း မရှိလို့ ဒီလောက်ကြာသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိပျက်မျက်နှာပျက်နှင့် ပြောသည်။

"ကလေးနဲ့ရောဂါက မမျှအောင် ဖြစ်နေတယ်၊ ရောဂါက ဖြ
တယ်၊ နိုးရာပိုင်းဆိုင်ရာလည်း ပါတယ်၊ ရွာစောင့်နတ်ရဲ့နှောင့်ယှက်တ
လည်း ပါတယ်၊

ကလေးရဲ့လိပ်ပြာက ခွာလိုက်ကပ်လိုက် ဖြစ်နေတယ်၊
ကြောင့် သတိ တစ်ချက် မရတစ်ချက် ဖြစ်နေတာ၊ မာကြာနတ်က
လိပ်ပြာကို တစ်ခါတည်း ခေါ်သွားရင် အသက်မရှင်နိုင်ဘူး"

ဟု ပြောရာ ကရင်လင်မယားနှစ်ယောက်မှာ အထိတ်တလ
အမူအယာဖြင့် မျက်လုံးပြူးသွားကြလေသည်။

"ငါ့မြေးရဲ့အသက်ကို ရအောင်သာ ကယ်ပေးပါ ဆရာရယ်
ဒီလို ကယ်ပေးရင် ငါတို့ စည်းစိမ်ဥစ္စာတွေကို ပုံပြီး ကန်တော့ဆိုလည်
ကန်တော့ပါ့မယ်၊ ဟောဒါက ဆရာအတွက် လောလောဆယ် ခြေကြွ
ပေးတဲ့ ငွေသုံးရာပါ၊ လက်ခံပါ ဆရာ"

ဟု ပြောကာ တစ်ရာတန် ငွေစက္ကူသုံးချပ်ကို ထုတ်၍ ဆရာ
ရှေ့သို့ ချပေးလေသည်။

ဦးသူတော်သည် ငွေသုံးရာကို မြင်သောအခါ များစွာကျေနပ်
သွားဟန်ရှိသည်။

သို့သော် ဣန္ဒြေမပျက်စေဘဲ တပည့်ဖြစ်သူကို ဆေးသေတ္တာ





ယူလာခိုင်းလေသည်။

ထို့နောက် ဆေးသေတ္တာကို ဖွင့်လိုက်သောအခါ ရွှေချထား
သော နတ်ရုပ်နှင့်တကွ အခြားအရုပ်မျိုးစုံတို့အပြင် ဆေးပုလင်းများ၊
ဆေးဆရာတို့၏အသုံးအဆောင်ပစ္စည်းများစွာတို့ကို တွေ့ကြရသည်။

ထိုအထဲမှ ကလေးမှကွာရအတွက် အသင့်ဖော်စပ်ထားသော
ဆေးပုလင်းကို ထုတ်ယူကာ မျက်စိမှိတ်ကာ တစ်စုံတစ်ခုကို တိုင်တည်
ဟန် ပြုနေလေသည်။

ပြီးမှ ဆေးပုလင်းထဲမှ ဆေးကို အနည်းငယ်ယူပြီး ကလေးကို
ခပ်ဟစေပြီးမှ လျှာကို ပွတ်ပေးလိုက်သည်။

"ကလေးမိခင် ပါသလား"

"ပါလာပါတယ် . . . အပြင်မှာ စောင့်နေပါတယ်"

"ခေါ်လိုက်ပါ"

ဟု ဆရာက ခေါ်ခိုင်းသဖြင့် အပြင်မှာ စောင့်နေသော ကလေး
အမေကို ခေါ်လိုက်သည်။

"ရော့ . . . ဒီဆေးမှုန့်တွေကို ကလေးစို့မယ့်နို့မှာ သုတ်ထားပါ"

ဟု ပြော၍ပေးရာ မိခင်ဖြစ်သူက ဆေးမှုန့်များကို သုတ်ထား
လိုက်သည်။

ခဏကြာတော့ မှိန်းနေသည့်ကလေးမှာ အနည်းငယ်သိလာ



www.burmeseclassic.com

www.burmeseclassic.com



လာပြီး နို့တောင်းသဖြင့် မိခင်က နို့တိုက်လေရာ နို့မှာ သုတ်ထားသော ဆေးမှုန့်များက ကလေးဝမ်းထဲသို့ ပါသွားလေသည်။

ဆေးမှုန့်များ ဝမ်းထဲ ဝင်သွားသည်နှင့် ကလေးမှာ ကောင်းစွာ သတိရလာပြီး တဝါးဝါးနှင့် ငိုလေရာ အဖိုးအဖွားရော မိခင်ဖခင်တို့ပါ ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။

"တယ်လည်း အစွမ်းထက်တဲ့ ဆရာပဲကိုး"

"မိရိုးဖလာနတ်ကို တောင်းပန်လိုက်လို့ လွတ်သွားပြီ၊ ကလေးရဲ့လိပ်ပြာကို ပြန်ခေါ်ဖို့သာ လိုတော့တယ်၊ သို့သော်လည်း ကလေးရဲ့ လိပ်ပြာကို ရွာစောင့်နတ်ရယ်၊ ရွာသူရယ်၊ ကဝေရယ်၊ မာတံရာ(မာတြာ) နတ်ရယ်၊ သူတို့လေးဦး အလဲအလှယ် လုပ်ပြီး ထိန်းသိမ်းထားကြတယ်

ဒီတော့ ဘယ်သူ့လက်ထဲမှာ လိပ်ပြာရှိတယ်ဆိုတာ မနက်ဖြန်မှာ မီးထွန်းကြည့်မယ်၊

ဒီကလေးက နှစ်ခါလည်(၂-နှစ်သား) ဖြစ်တော့ ထောင့်လေးထောင့်မှာ ရွှေဒင်္ဂါးနှစ်ပြားစီ ပုံရမယ်၊ အားလုံး ရွှေဒင်္ဂါးရှစ်ပြား စီပုံရမယ် အားလုံး ရွှေဒင်္ဂါးရှစ်ပြား ကုန်မယ်. . . ပုံနိုင်ပါ့မလား"

ဦးသူတော်က ကရင်လင်မယားနှစ်ယောက်တို့ ကြွယ်ဝ ချမ်းသာမှုကို အကဲခတ်မိသည်ကတစ်ကြောင်း၊ မြေအပေါ်မှာ အသက် တမျှ ချစ်ခင်သည်ကို ရိပ်မိသဖြင့် ထိုကဲ့သို့ မေးလိုက်ခြင်း ဖြစ်၏။





ထိုအခါ ကရင်အဖိုးကြီးက. . .

"ငါ့မြေးကိုသာ ချမ်းသာအောင် လုပ်ပေးပါ ဆရာ၊ ရွှေဒင်္ဂါး ရှစ်ပြားမကလည်း ပုံပေးနိုင်တယ်၊ ကောင်းအောင်သာ လုပ်ပေးပါ"

ထိုကဲ့သို့ ပြောဆိုပြီး ကလေးကို သူငယ်နာ ကျဗဟုံးနှင့် မှက္ခရုဝမ်းအတွက် ဆေးများ ပေးလိုက်ရာ အခြားနေ့များနှင့် မတူပဲ ကောင်းမွန်စွာ အိပ်စက်ရလေသည်။

မှက္ခရုဆေး သူငယ်နာ ကျဗဟုံးဆေးမှာ လွန်စွာလွယ်၏။ ပရဆေးဆိုင်များမှာ ဖော်လျှင် ငါးမူးသုံးမတ်ထက် ပိုမကုန်ပေ။

အမှန်တော့ ကလေးမှာ ထိုဆေးပေးရုံနှင့် ပျောက်ကင်းမည်ဖြစ်သော်လည်း ဦးသူတော်က သမားဂုဏ်ကို ပြလိုသည်က တစ်ကြောင်း၊ ရွှေဒင်္ဂါးများ ထပ်ရစေရန် နတ်ဖမ်းစားသည်ဟု ပြောပြထားခြင်းဖြစ်သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ဆရာဦးသူတော်က နတ်ဖမ်းစားသော ကလေးကို ကုသရန် ပြင်ဆင်နေသဖြင့် သူကြီး ဦးဝန်းစိန် အပါအဝင် ရွာသူရွာသားများက လာရောက်ကြည့်ရှုကြလေသည်။

လူစုံသောအခါ ဦးသူတော်သည် ဆေးဖယောင်းတိုင်၊ သင်္ဘောကွဲ၊ မှိုင်းခံစက္ကူများပေါ်တွင် အင်းကွက်များနှင့် အခြားအရုပ်များကို



www.burmeseclassic.com

www.burmeseclassic.com



ရေးလေသည်။

ထိုသို့ရေးရာတွင် နတ်ရုပ်၊ ရွာသူ့စုံမရုပ်၊ ကဝေရုပ်နှင့် မာတြာ နတ်ဘီလူးရုပ်တို့ကို ရေးသည်။

ကန်တော့ပွဲ လေးပွဲပြင်ကာ ငွေငါးကျပ်စီ ကန်တော့ပွဲ စိုက် သည်။

နေ့လည်(၁၂)နာရီအချိန် ရောက်သောအခါ လေးထောင့်ခုံ တစ်ခုံကို အမြင့်တစ်တောင်လောက် ပြုလုပ်စေ၍ ထောင့်လေးထောင့် မှာ အရုပ်ရေးထားသော စက္ကူချပ် တင်သည်။

ထိုစက္ကူပေါ်မှာ အင်းချထားသော သပိတ်ကွဲ တစ်ချပ်စီ တင် သည်။ ၎င်းအင်းချပ်ပေါ်မှာ ကလေးအကျီစမှ လက်လေးသစ်ခန့် ဖြတ် ထားသော အဝတ်စလေးခုကို တင်လေသည်။

ထိုအဝတ်စအပေါ်မှာ ရွှေဒင်္ဂါးနှစ်ပြားစီ တင်သည်။

ရွှေဒင်္ဂါးပေါ်မှာ အသင့်စီမံထားသော ဖယောင်းတိုင်လေးတိုင် ကို စိုက်သည်။

ထိုနောက် ကန်တော့ပွဲလေးပွဲကို ထောင့်လေးထောင့်မှ ချပြီး ထိုနေရာသို့ လေမဝင်စေရန် ကန့်လန့်ကာအထူဖြင့် ပတ်ကာထားလိုက် လေသည်။

ထိုကဲ့သို့ ပြင်ဆင်ပြီးသောအခါ ဆရာက ဆေးကြိမ်လုံးကို





လက်မှ ကိုင်ကာ လူမမာကလေးနှင့် မိဘ အဖိုးအဖွားတို့ကို ကန့်လန့် ကာ အတွင်းသို့ ဝင်စေသည်။

"ကိုင်း. . . ယခုအချိန်ကစပြီး ကလေးကို အနှောင့်အယှက် ပေးထားကြသော နတ်၊ စုန်း၊ ကဝေ၊ မာတရာနတ်တို့သည် ဆရာ့ စကားကို နာခံကြရမည်။

ငါသည် သုံးပါးသရဏဂုံ ကိုယ်လုံးထုံလျက်၊ ယုံကြည်သူ ဖြစ် ပေသည်၊ ငါ့ကို ပစ်မှားပါက ဘုရား တရား သံဃာတို့ကို ပစ်မှားသကဲ့သို့ ရှိချေမည်။

မကျန်းမာနေသော ဤကလေး၏လိပ်ပြာကို မည်သူ သိမ်း ထားသနည်း၊ သိမ်းထားသူက အမြန်လာရောက်၍ မိမိနှင့် သက်ဆိုင် သော ဖယောင်းတိုင်ကို မီးထွန်း၍ ပြရမည်၊

ကိုင်း. . . အခုချက်ချင်း ရောက်လာစေ"

ဟု ဆိုပြီး တပည့်ဖြစ်သူကို ကာထားသော ကန့်လန့်ကာကို ဖယ်ရှားလိုက်စေသည်။

ကန့်လန့်ကာ ဖယ်လိုက်သည်နှင့် ကဝေရုပ် ရှိသော ဖယောင်း တိုင်တစ်တိုင်မှာ သူ့အလိုလို မီးထတောက်လေတော့သည်။

"ဟယ်. . ."

"ဟာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းလိုက်တာနော်"

"တယ်လည်း အစွမ်းထက်တဲ့ ဆရာပါလား"

ဟု အမျိုးမျိုး တီးတိုးပြောဆိုကြလေသည်။

"ကိုင်း. . . ကျုပ်မပြောဘူးလား၊ ကလေးရဲ့လိပ်ပြာကို ဒီနာ

တဝိုက်မှာ ရှိတဲ့ ကဝေတစ်ဦးက သိမ်းထားတာပဲ"

ထိုသို့ ပြောလိုက်သောအခါ အခြားရွာမှ လာသူများထ

ကျတ်ကုန်းရွာမှ လူများက ပိုမိုကြောက်ရွံ့ကြလေသည်။

သူတို့စိတ်ထဲ၌ ကဝေတစ်ဦးဆိုသည်မှာ ဒေါ်ဖဲဝါမှလွဲ၍ အခြ

သူ မဖြစ်နိုင်ဟု တစ်ထစ်ချ ယူဆကြလေသည်။

"ကဝေက ကလေးကို လိပ်ပြာကို သိမ်းထားမှန်း သိရမှတေ

သူနဲ့ သက်ဆိုင်တဲ့ ကန်တော့ပွဲကို သင်္ချိုင်းမှာ သွားချပြီး တောင်းပန်ရ

ကလေးကျန်းမာလာမှာပါ၊ ဒီအတွက်လည်း မပူပါနဲ့၊ ကျုပ်ရဲ့တပည့်

ပဲ စေခိုင်းပေးပါ့မယ်"

ဟု ပြောကာ ပြင်ဆင်ထားသော ပစ္စည်းများကို သိမ်းစေလျ

ရွှေဒင်္ဂါးရှစ်ပြားကို ယူထားလိုက်လေသည်။

ထို့နောက်. . .

ကလေးကို သူငယ်နာကျဗဟုံးဆေး၊ မှက္ခရုဆေးတို့နှင့် ထ

ကုပေးလိုက်ရာ ကလေးမှာ ရောဂါပျောက်ကင်း၍ ချမ်းသာသွားလေ





တော့သည်။

ထိုအချိန်တွင် လူအုပ်နောက်ကွယ်တွင် ဘယ်အချိန်က ရောက်နေမှန်း မသိသော ဒေါ်ဖဲဝါက. . .

"ပယောဂ ကုတယ်ဆိုလို့ လာကြည့်တာ၊ ဒီရောက်တော့မှ ကလေးသူငယ်နာကျဗဟုံးနဲ့ မှက္ခရုဝမ်းသွားတာ ကုတာနဲ့ တွေ့နေရတယ်၊ ဒီရောဂါ ဖြစ်တာများ ရွှေဒင်္ဂါး ရှစ်ပြားတောင် အကုန်ခံရတယ်လို့၊ ပျားရည်နှင့် ရှိန်းခို တစ်မတ်ငါးမူးဖိုးနဲ့ ပျောက်နိုင်တာများ ဈေးကြီးနှင့်ကျယ် လုပ်လို့၊ ငါ့ဆီ လာရင် လက်ဖက်တစ်ပွဲနဲ့တောင် ပျောက်အောင် ကုပေးနိုင်ပါတော်၊ လူတွေကလည်း အဲဒီလို လိမ်မှပဲ အထင်ကြီးတာကို"

ဟု တစ်ကိုယ်တည်း ပြောသလိုပြောပြီး တဘက်အနက်ကို ခေါင်းပေါ် တင်ကာ ပြန်ထွက်သွားလေတော့သည်။

ထိုစကားကို ကြားလိုက်ရသူများမှာ ပါးစပ်အဟောင်းသားနှင့် အံ့တသြ ဖြစ်ကျန်ခဲ့ကြလေသည်။


ဦးသူတော်ကတော့ မျက်စိမျက်နှာပျက်ပျက်နှင့် ဒေါ်ဖဲဝါကို သမ်းကြည့်ရင်း အံတကြိတ်ကြိတ်နှင့် ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

# တလားခေါက်သံ ကျိန်ဆဲသံ

ကျွန်း နှစ်ပင်ရွာနှင့် ကျတ်ကုန်းရွာတို့မှာ တစ်ရွာနှင့် စ်ရွာ မဝေးလှဘဲ နှစ်ရွာတစ်ရွာ ဆက်သွယ်မှု ရှိလေသည်။

နီမောင်သည် ကျွန်းနှစ်ပင်ရွာ၌ နေထိုင်သူဖြစ်ပြီး ကျတ်ကုန်း ာက်သို့လည်း မကြာခဏ ရောက်လာလေ့ရှိသည်။

သူလာရသောအကြောင်းမှာ အခြားမဟုတ်ပေ။



www.burmeseclassic.com

ကျွတ်ကုန်းရွာသူကြီး ဦးပန်းစိန်၏သမီး အေးရီသည် နီမောင်

နှင့် လူငယ်တို့သဘာဝ မေတ္တာမျှနေသူဖြစ်သည်။

၎င်းတို့မှာ လူငယ်ချင်း မေတ္တာမျှရုံမကဘဲ လူကြီးချင်းကလည်

သဘောတူထားသဖြင့် ဝါမဝင်ခင် လက်ထပ်ပေးရန်ပင် စီမံထားသ

လည်း ဖြစ်လေသည်။

နီမောင်၏မိဘများမှာ ကျွန်းနှစ်ပင်ရွာတွင် လယ်ပိုင်၊ ဥယျာ

ခြံမြေပိုင် ဖြစ်ကြပြီး တင့်တောင့်တင့်တယ်ဖြစ်ကြရာ သူတို့၏အချစ်

မှာ အနှောင့်အယှက်ကင်းစွာဖြင့် အဆင်ပြေချောမွေ့လျက် ရှိ

သည်။

နီမောင် ရောက်လာသောအခါ အေးရီက ဝမ်းသာအားရ

ကြိုလေသည်။

"အစ်ကို ရောက်လာတာနဲ့ အတော်ပဲ၊ ကျွန်မလည်း အစ်ကို

မျှော်နေတာ"

"ဘာကိစ္စထူးလို့လဲ အရီ"

"တခြားတော့ မဟုတ်ပါဘူး၊ အခု မိုးဦးကျလာပြီဆိုတော့

မှာ ဝမ်းရောဂါတွေ ဖြစ်စပြုလာပြီး လူအသေအပျောက်တွေလဲ ဖြစ်

ပြန်ပြီ"

"အဲဒီရောဂါဖြစ်တာကို တားဆီးလို့ မရဘူးလား၊ ဆေးဝါး





နဲ့ တုသလို့ရော မရကြဘူးလား"

"အခု ရောဂါတွေ ဖြစ်လာတာ သာမန် ရိုးရိုးရောဂါမျိုး မဟုတ်

ဘူး အစ်ကို၊ စုန်းပယောဂတွေရဲ့နှောင့်ယှက်လို့ ဖြစ်ကြတာလို့ လူကြီး

တွေ ပြောသံကြားတယ်"

"ဒါမျိုးတွေက အခု ရှိရောရှိသေးလို့လား အရီရယ်"

"ရှိတာပေါ့ အစ်ကိုရဲ့၊ ကျွန်မတို့ရွာမှာကို ရှိနေတာ"

"ဟင်. . . ဘယ်သူလဲဟင်"

"သူ့နာမည်က ဒေါ်ဖဲဝါလို့ ခေါ်တယ်၊ သူက ဆယ့်နှစ်ကြိုး

စီးနိုင်တဲ့ ကဝေဆိုလား ဘာလားပဲ၊ သူ့မှာ တူတစ်ယောက်လည်း

ပါသေးတယ်၊

နာမည်က ထော့ကျိုးတာတေလို့ ခေါ်တယ်. . .၊ သူကလည်း

ဆူသာဆိုတယ်၊ လူရုပ်နဲ့ကို မတူတော့ဘူး၊ တကယ့် သရဲတစ္ဆေရုပ်မျိုး

ပဲ"

"ဒါထက် သူတို့က ဘယ်တ ပြောင်းလာကြတာလဲ"

"ထိန်ပင်ကုန်းရွာ ပျက်တော့ အဲဒီက ပြောင်းလာတဲ့လူတွေနဲ့

ရောပြီးပါလာတာ၊ အဲဒီက လူတွေကလည်း ပြောတယ်၊ သူတို့ရွာ ပျက်

ရတာလည်း အဲဒီဒေါ်ဖဲဝါတို့ လက်ချက်ကြောင့်လို့ ပြောကြတာပဲ"

"အရီပြောသလောက်တောင် သူတို့က ဆိုးနေလို့လား အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်အောင် သေသေချာချာ ပြောပြပါဦး"

ဟု **နီမောင်**က ပြောသဖြင့် အေးရီက သူသိသမျှအကြောင်း များကို ပြန်ပြောပြလိုက်လေသည်။

"ဒေါ်ဖဲဝါက အရီပြောသလို စုန်းကဝေပညာ တတ်တယ်ဆို ထားဦး။ သူကတော့ တစ်ရွာလုံး ဝမ်းရောဂါ ဖြစ်ပြီး သေအောင်တော့ လုပ်မယ်မထင်ဘူး၊ ဝမ်းရောဂါဖြစ်တာ တခြားအကြောင်းကြောင့် ဖြစ် မယ်ထင်တယ်"

"ကျွန်မလည်း သေသေချာချာတော့ ဘယ်သိပါ့မလဲ၊ အဖေတို့ တော့ သူ့လက်ချက်လို့ပဲ ထင်နေကြတာပဲ၊ တစ်ရွာလုံးမှာလည်း သူတောင်းသမျှ ပေးနေရတာပဲ၊ ဒါတောင် ဆန်ဆီချေးလို့ မရတဲ့သူ ဆိုရင် ဝမ်းရောဂါဖြစ်ပြီး သေအောင်လုပ်ပြန်တာပဲ"

နီမောင်က ထိုအကြောင်းများကို စဉ်းစားနေလေသည်။

သူ့စိတ်ထဲမှာတော့ အေးရီတို့ နေသော ကျတ်ကုန်းရွာ၌ ဖြစ် နေသောရောဂါများမှာ အဖြေတစ်ခုတော့ ရှိကောင်းရှိနိုင်မည်ဟု တွေး တော်နေမိသည်။

ညနေပိုင်း ရောက်တော့ ထမင်းဝိုင်းမှာ ဦးပန်းစိန်တို့နှင့် ဆုံတော့ ဦးပန်းစိန်က **အကျိုး**အကြောင်း ပြောပြလေသည်။

"မင်းမိဘတွေရော နေထိုင်ကောင်းကြရဲ့လားကွယ့်"





"ဟုတ်ကဲ့. . . ကောင်းပါတယ်"

"အခုလာတာ ကိစ္စအထွေအထူးများ ရှိလို့လားကွယ်"

"အဖေက ကျွန်တော်တို့ မင်္ဂလာပွဲအတွက် ဘယ်လို စီစဉ်ပေးရ မလဲလို့ မေးခိုင်းလိုက်လို့ ကျွန်တော်လာခဲ့တာပါ"

ထိုစကားကြားသောအခါ စိတ်မသက်မသာနဲ့ သက်ပြင်းတစ် ချက် ချလိုက်လေသည်။

"ဦးတို့ဘက်ကလည်း မင်းတို့ ကလေးချင်းကိစ္စကို အမြန်ဆုံး ပြီးချင်တာ အမှန်ပါပဲ၊ ဒါကြောင့်လည်း ဒီဝါမဝင်ခင် မင်္ဂလာပွဲ လုပ်ပေး ဖို့ကြိုးချင်း စီစဉ်ထားခဲ့တာပဲ၊ ဒါပေမယ့် ဒီနှစ်တော့ မင်္ဂလာပွဲကိစ္စက ဖြစ်တော့မယ် မထင်ပါဘူးကွယ်"

"ဘယ်လိုကြောင့်ပါလဲ ဦး"

"မင်းကို မင်းနှမက ပြောတန်သလောက် ပြောပြီးရောပေါ့။ ဒီနှစ် ဦးတို့ရွာမှာ ကပ်ဆိုးတွေ ဖြစ်နေတာ နှစ်နှစ်သုံးနှစ်လောက် ရှိနေပြီ။ တစ်နှစ်ဖြစ်ပြီးတာနဲ့ ပြီးမလား အောက်မေ့နေတာ၊ နောက်နှစ်ကျတော့ လည်း ဖြစ်မြဲဖြစ်နေတာပဲ. . .၊ အခုလည်း မိုးဦးကျရောက်လာတာနဲ့ ရောဂါက စဖြစ်လာပြီ၊ အခုရက်ပိုင်းမှာတောင် လူအသေအပျောက် တော်တော်ကလေး ရှိနေတယ်"

ဟု စိတ်မသက်မသာနှင့် ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတွေဘာတွေနဲ့ ခေါ်ပြီး ကာကွယ်မှုတွေ၊ ကုသမှုတွေ

မလုပ်ကြဘူးလား ဦး"

"အဲဒီလို လုပ်လို့လည်း ရမယ်မထင်ပါဘူး မောင်နီမောင်ရယ်

အခု ရွာမှာ ဖြစ်နေတာက ရိုးရိုးရောဂါ ဖြစ်တာမျိုး မဟုတ်ဘဲ ပယော

နှောင့်ယှက်လို့ ဖြစ်တဲ့ရောဂါမျိုးဆိုတော့ တော်ရုံနဲ့ မရနိုင်ဘူး ဖြစ်နေ

တယ်"

ထိုစကားကြားသောအခါ နီမောင်မှာ ဖြစ်ပျက်နေသော

ကြောင်းအရာများကို သေချာစွာ မသိရသောကြောင့် ဘာမှထပ်မမေး

တော့ဘဲ ထမင်းကိုသာ ငုံ့၍စားနေလေသည်။

"မင်းရဲ့မိဘတွေကိုလည်း အကျိုးအကြောင်း ပြည့်စုံအောင်

ပြောပြလိုက်ပါကွယ်. . .၊ မိန်းကလေးဘက်က ပျက်ကွက်ရတာ ပျ

တွက်ချင်လို့ ပျက်ကွက်ရတာ မဟုတ်ပဲ ရွာမှာ ဖြစ်နေတဲ့ ကပ်ဆိုးကြော

ဆိုတာကို သေသေချာချာ ပြောပြပေးပါ၊ အခု ဝါဝင်မဖြစ်ရင်တော်

နှလသီတင်းပေါက်ရင် ဖြစ်အောင် စီစဉ်ကြမယ်လို့လည်း ပြောပြပေ

ပါ"

ထိုအခါ ဒေါ်နန်းမိုးကပါ ဝင်ပြောလေသည်။

"အဒေါ်တို့လည်း စိတ်မကောင်းပါဘူး ငါ့တူရယ်၊ မင်္ဂလာကိ

မဖြစ်သေးပေမယ့် မင်းကတော့ ကိုယ့်အိမ်လိုပဲ သဘောထားပြီး ဝင်





တ်ပါကွယ်"

"ဟုတ်ကဲ့ပါ အဒေါ်"

"ကိုနီမောင်. . . ဒီညတော့ ရွာကို မပြန်နဲ့တော့ဗျာ၊ အချိန်

ည်း သိပ်မရှိတော့ဘူး၊ ဒီမှာပဲ အိပ်ပြီး ညကျတော့ ကျွန်တော်တို့ရွာမှာ

ရဲတစ္ဆေတွေ ဘယ်လောက် သောင်းကျန်းနေတယ်ဆိုတာ ကြည့်သွား

ဦး"

ဟု မတော်ရသေးသော ယောက်ဖဖြစ်သူ မောင်စိန်ကပါ ဝင်

ပြောသဖြင့် နီမောင်လည်း မနက်လင်းမှ ရွာသို့ ပြန်ရန် ဆုံးဖြတ်လိုက်

လေသည်။

ညနေပိုင်း ရောက်တော့ နီမောင်က မောင်စိန်ကို မေးသည်။

"မောင်စိန်. . . မင်းတို့ရွာမှာ စုန်းမ ရှိတယ်ဆို. . . ဟုတ်

လား"

"ရှိတာပေါ့. . . အဲဒီစုန်းမ,တင် မကဘူး၊ သူက သရဲတစ်

ကောင်တောင် မွေးထားလိုက်သေးတယ်"

"ဟုတ်ရဲ့လားကွာ. . . ငါတို့ သွားကြည့်ရအောင်"

"ဟာ. . . မသွားဝံ့ပါဘူး၊ ကျွန်တော်ကြောက်တယ်ဗျ"

"မကြောက်ပါနဲ့ကွာ. . . သရဲနိုင်တဲ့ဆေး၊ စုန်းကဝေတွေကို

နိုင်တဲ့ဆေးပါ ပါလာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ရဲ့လားဗျ”

“ဟုတ်ပါတယ်ကွာ. . . ဟိုရောက်တော့ အခြေအနေ ကြည့်ပြီး ပြန်လာမှာပါ”

ဟု မောင်စိန်ကို အဖော်ခေါ်၍ ရွာထဲသို့ ထွက်ခဲ့လေသ သူတို့ ထွက်လာသောအချိန်မှာ မှောင်ရီပျိုးစအချိန်ဖြစ်သည်။

ထိုအချိန်မှာပင် မိုးက တဖွဲဖွဲ ရွာချလာသဖြင့် နှစ်ယောက်သ ဝါးခမောက်တစ်လုံးစီ ဆောင်းကာ သွားကြသည်။

ညဦးပိုင်းအချိန်ပင် ရှိသေးသည်။ ရွာလမ်းတစ်လျှောက် လူသွားလူလာများ ကင်းနေချေပြီ။

အိမ်အတော်များများမှာလည်း တံခါးပိတ်ထားသည်ကို တွေ့ရလေသည်။

“ဒီရွာက လူတွေက ဒီလိုပဲ အစောကြီး အိပ်ကြတာပဲလာ”

“တချို့အိမ်တွေက လူမရှိကြဘူး”

“ဘယ်ရောက်ကုန်လို့လဲ”

“ဝမ်းရောဂါတွေ စဖြစ်ပြီဆိုကတည်းက ကြောက်လန့် ပြောင်းပြေးကုန်ကြတာ”

အိမ်အတော်များများမှာ တံခါးပိတ်ထားပြီး အချို့အိမ်များ လည်း မီးရောင်မရှိပေ။



“လူရှိတဲ့အိမ်တွေကျတော့လည်း ဒီအချိန်ဆိုရင် အပြင်မထွက် ကြတော့လို့ မီးခွက်မှုတ်ပြီး အိပ်ယာဝင်နေကြပြီ”

“ဒီလောက်တောင် ဆိုးနေလို့လား”

“ဆိုးတာတော့ မပြောနဲ့တော့၊ ကိုနီမောင် ဒီရွာမှာ တစ်ရက် ရက် လာနေကြည့်ရင် သိလိမ့်မယ်”

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာရာ အိမ်ဝန်းအတွင်းမှ ခွေးများက စူးစူးဝါးဝါးနှင့် ထိုးဟောင်ကြသည်။

တဆက်တည်းမှာပင် အဝေးဆီမှ ခွေးအူသံများ ပေါ်လာ သည်။

“ဒေါ်ဖဲဝါအိမ်က ဘယ်မှာလဲ”

“သူတို့ နေတာက ရွာအပြင်နားမှာပါ၊ ဒါပေမယ့် အဲဒီအိမ် အထိ ရောက်အောင်တော့ ကျွန်တော်မသွားဝံ့ဘူး၊ ကိုနီမောင်လည်း င်သာလောက်မယ့်နေရာကသာ ကြည့်ပေါ့”

“အေးပါကွာ”

သို့နှင့် အတန်ကြာအောင် ဆက်လျှောက်လာသောအခါ တ င်ကြီးတစ်ပင်အောက်သို့ ရောက်လာလေသည်။

အချိန်ကလည်း မှောင်စပျိုးနေပြီမို့ ပတ်ဝန်းကျင်ကို ဝိုးတဝါး သာ မြင်နိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိုရွှေတ မြင်နေရတဲ့ တဲက ဒေါ်ဖဲဝါတို့ နေတဲ့တဲပဲ"

မောင်စိန်က ကုက္ကိုပင်ကြီးအောက်မှ ရပ်ကာ လက်ညှိုးထိုး အည်။

သူတို့ရောက်နေသောနေရာနှင့် တဲရှိသောနေရာမှာ မဝေး ပေ။

"ငါတစ်ယောက်ထဲ သွားကြည့်ရင် ကောင်းမလား"

"မသွားပါနဲ့ ကိုနီမောင်ရယ်၊ ဒီအချိန်မတော်ကြီး ကိစ္စမရှိ သွားရင် သူတို့ကို လာပြီးအနှောင့်အယှက်ပေးမယ် ထင်သွား မကောင်းဘူး၊ သွားချင်ရင် မနက်လင်းမှပဲ သွားပါဗျာ"

မောင်စိန်က အတင်းတားသဖြင့် နီမောင်လည်း မသွား တော့ဘဲ ကုက္ကိုပင်ကြီးအောက်မှာ မှိုးခိုရင်း အခြေအနေကို လှမ်း ရလေသည်။

တဲအတွင်းမှာ မီးရောင်မရှိသော်လည်း လူရှိနေသည့်လက္ခဏ မျိုးတော့ တွေ့ရသည်။

အတန်ကြာတော့ ထိုနေရာတစ်ဝိုက်ဆီမှ ခွေးဟောင်သံမျာ ပေါ်ထွက်လာသည်။

ညအချိန် အမှောင်ရိပ်ထဲမှ ခွေးအူသံများ ကြားရခြင်းမှ ကျောချမ်းဖွယ်ရာဖြစ်လေသည်။





ထိုအခိုက် တဲနောက်ဘက်မှ မည်းမည်းသဏ္ဍာန်တစ်ခု ထွက် လာလေသည်။

ထိုသဏ္ဍာန်မှာ အဝတ်နက်ကြီးကို ခေါင်းမြီးခြုံထားသော ကြောင့် မည်သူမည်ဝါမှန်းတော့ မသိရပေ။

"အဲဒါကတော့ ကဝေမကြီး ဒေါ်ဖဲဝါ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် ရင်တော့ သူမွေးထားတဲ့ ထော့ကျိုးတာတေဆိုတဲ့ သရဲဖြစ်မှာပဲ၊ အဲဒါ လူတွေကို ဒုက္ခပေးမလို့ အပြင်ထွက်လာတာ ဖြစ်ရမယ်"

ဟု မောင်စိန်က လေသံတိုးတိုးနှင့် ပြောလေသည်။

နီမောင်တို့ ကြည့်နေရင်းမှာပင် ခပ်ကုန်းကုန်းဖြစ်နေသော သဏ္ဍာန်ကြီးမှာ ခပ်သုတ်သုတ်နှင့် အမှောင်ထဲသို့ ဝင်ရောက်ပျောက် ကွယ်သွားလေတော့သည်။

ထိုအခိုက်မှာပင် တစ်ရွာလုံး ခွေးအူသံများ၊ ခွေးဟောင်သံများ အဆက်မပြတ် ကြားလာရသဖြင့် မောင်စိန်မှာ နေစရာ မရှိအောင် ကြောက်ရွံ့နေတော့သည်။

"ကို. . ကိုနီမောင်၊ ကျွန်တော်တို့ ပြန်ကြရအောင်၊ ရွာထဲကို မကောင်းဆိုးဝါးတွေ ဝင်လာပြီနဲ့တူတယ်"

ဟု အသံတုန်တုန်ယင်ယင်ဖြင့် ပြောသဖြင့် နှစ်ယောက်သား နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကလည်း ညဦးပိုင်း ရောက်လာသဖြင့် ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ရိပ်များက ဖုံးလွှမ်းနေသည်။

တစ်ရွာလုံး မီးရောင်လည်း မမြင်ရ။

အသံလည်း လုံးဝတိတ်ဆိတ်နေတော့သည်။

စောစောက ဖြတ်လျှောက်လာစဉ်က တွေ့ခဲ့ရသော မီးရောင် ကလေးများပင် ယခုတော့ မတွေ့ရတော့ပေ။

"ကျွန်တော်တို့ အမြန်ပြန်မှ ဖြစ်မယ်၊ တော်ကြာ အိမ်က လူ တွေ စိတ်ပူနေကြလိမ့်မယ်"

ဟု ပြောဆိုရင်း လျှောက်လာရာ ခွေးအူသံများ ကြားမှ ထူးခြား သော အသံတစ်သံကို ကြားလိုက်ရသည်။

"ဗုံ . . ဗုံ . . ဗုံ"

"ဗုံ . . ဗုံ . . ဗုံ"

ထိုအသံကြီး ကြားရလေ ခွေးအူသံ ခွေးဟောင်သံများက ပို များပြားလာလေဖြစ်၏။

"အူ . . ဝူ . . ဝူ"

"ဗုံ . . ဗုံ . . ဗုံ"

"ဗုံ . . ဗုံ . . ဗုံ"

"အဲဒါ ဘာသံကြီးလဲ မောင်စိန်"





"လူကြီးတွေ ပြောတာတော့ တလားခေါက်သံကြီးလို့ ပြောကြ တာပဲ၊ ဒီအသံ ကြားရတာ နိမိတ်မကောင်းဘူး၊ ရွာထဲက ဘယ်သူသေဦး မလဲ မသိဘူး"

နီမောင်က တအံ့တသြနှင့် နားစွင့်ကြည့်လိုက်တော့ ကြားနေရ သော အသံကြီးမှာ သူတို့ ရောက်နေသောနေရာနှင့် မဝေးလှသည့် အနောက်ဘက် တောစပ်ဆီမှ ဖြစ်သည်။

ရွာထဲမှာ ခွေးများက ထိုအသံကြားရာဘက်သို့ ဆူဆူညံညံ ဟောင်နေကြသည်။

နီမောင်မှာ ငယ်ရွယ်စဉ်ကတည်းက ကြောက်တတ်သူတစ်ဦး ဖြစ်သော်လည်း ထိုအသံကြီးကို ကြားရသောအခါ စိတ်ထဲမှာ ထိတ်မျိုးကြီး ဖြစ်လာသည်။

နားထောင်နေရင်းမှပင် တလားခေါက်သံကြီးက သူတို့နှစ် ယောက် ရှိရာဘက်သို့ တဖြည်းဖြည်း နီးလာသောကြောင့် သစ်ချုံတစ်ချုံ အနားသို့ ဝင်ကပ်နေလိုက်ရသည်။

မောင်စိန်မှာ ကြောက်လွန်းသဖြင့် အသားများ တဆတ်ဆတ် တုန်နေတော့သည်။

"ကို . . ကိုနီမောင်၊ မကောင်းဆိုးဝါးကြီး ဒီဘက်လာနေပြီ ထင် တယ်၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အသံတုန်တုန်ယင်ယင်ဖြင့် မေးရာ နီမောင်က တိတ်တိတ်

နေရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်တော့မှ ငြိမ်သွားသည်။

"ဗုံ..ဗုံ..ဗုံ"

"အူ..ဝူ..ဝူ"

ခွေးအူသံနှင့် တလားခေါက်သံမှာ တဖြည်းဖြည်းနှင့် နီးလာ လေရာ နှစ်ယောက်သား ချုံနံဘေးမှာ ဝပ်နေကြရလေသည်။

နားစွင့်နေရင်းမှပင် တလားခေါက်သံကြီးက မလှမ်းမကမ်း ရောက်လာသောကြောင့် နီမောင်က အသာခေါင်းထောင်၍ ကြည့် လိုက်လေသည်။

အမှောင်ရိပ်ကလည်းရှိ၊ မိုးကလည်း တဖွဲဖွဲ ရွာနေသော်လည်း မိမိတို့ ရှိရာဘက်သို့ လျှောက်လာနေသော မည်းမည်းသဏ္ဌာန်ကြီး ဝိုးတဝါး လှမ်းမြင်ရသည်။

ကြည့်နေရင်းမှာပင် မနီးမဝေးသို့ ရောက်လာသည်။

သူတို့ ပုန်းနေရာ ချုံအနီးမှာ ဖြတ်သွားသောအခါမှ ပုံသဏ္ဌာန် ကို မြင်လိုက်ရသည်။

တစ်ကိုယ်လုံး အဝတ်နက်ကြီး ခြုံထားသော မည်းမည်း သဏ္ဌာန်ကြီးတစ်ကောင်သည် ခေါင်းတလားကြီးတစ်လုံးကို ပခုံးပေါ် ထမ်းကာ လက်ထဲမှာ ကိုင်ထားသော အရာဝတ္ထုတစ်ခုနှင့် တဗုန်ဗုန်





သွားသည်သာမက ပါးစပ်မှလည်း အသံသြသြကြီးနှင့် ရေရွတ်သွား သည်။

"သုသာန်မြေမှာ ရှိတဲ့...

ငါ့ရဲ့တပည့်လက်သားတွေ

ပျော်ပျော်ပါးပါး စားသောက်ရအောင်၊

ဝမ်းရောဂါဆိုးတွေ ဝင်စမ်းဟဲ့၊

တစ်ယောက်ပြီးတစ်ယောက် သေကြစမ်းဟဲ့၊

သချိုင်းမြေဟာ နင်တို့အတွက်

သေမင်းလက်နဲ့ အသက်ထွက်"

ဟူသော အသံဆိုးကြီးကို ပီပီသသပင် ကြားလိုက်ရသည်။

အတန်ကြာသောအခါ တလားခေါက်သံကြီးနှင့်အတူ ကျိန်စာ သို့ ရေရွတ်သွားသောအသံကြီးမှာလည်း ဝေး၍ပျောက်သွားလေ တော့သည်။

ထိုအခါမှ နီမောင်နှင့် မောင်စိန်တို့လည်း နေရာမှ ထကာ အိမ်သို့ ခပ်သုတ်သုတ် ပြန်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

## ညပါဒ်သရဲနှင့် ဂူဗ္ဗသေယျသရဲ

ည ဘက်တွင် တလားခေါက်သံကြီး ပေါ်လာပြီး နောက် နေ့တွင် ကျတ်ကုန်းရွာမှ ရောဂါသည်းထန်နေသူ တစ်ယောက် ယောက် သေဆုံးပြန်သဖြင့် နေ့မကူးမီ သုသာန်သို့ ပို့၍ မြှုပ်နှံကြ သည်။

နီမောင်မှာ မင်္ဂလာကိစ္စအတွက် လာရောက်စုံစမ်းရင်းမှ ဆွမ်း

www.burmeseclassic.com



ခံရင်း ငှက်သင့်ဆိုသလို ထိတ်လန့်ဖွယ်ရာ အဖြစ်အပျက်များနှင့် [illegible] တွေ့နေရပြီး နောက်တစ်နေ့မှာလည်း ရွာကို မပြန်နိုင်သေးပေ။

ရွာထဲမှ သေဆုံးသူတစ်ဦးကို သုသာန်သို့ ပို့ရာတွင် သူပါ လိုက် သွားလေသည်။

အရေးပေါ် ချရသဖြင့် ခေါင်းပင် မစပ်နိုင်တော့ပဲ ဖျာလိပ်နှ[illegible] ပတ်ကာ ပို့ကြရသည်။

ရှေ့ဆုံးမှ ကန်တော့ပွဲ ရွက်သူကရွက်၊

ကြေးစည်ထုသူနောက်မှာ ဖျာလိပ်နှင့် ပတ်ထားသော အ လောင်းကို ဝါးကပ်ပေါ် တင်၍ ထမ်းသွားကြရာ မြင်ရသူများအ[illegible] ပိုမိုချောက်ချားဖွယ် ဖြစ်တော့သည်။

ဦးခေါင်းကို လုံအောင်ပတ်ထားသော်လည်း ခြေထောက်[illegible] ဒူးဆစ်လောက်အထိ အပြင်သို့ ထွက်နေရာ လမ်းလျှောက်လိုက်တို[illegible] တလှုပ်လှုပ် ဖြစ်နေတော့သည်။

နောက်ဘက်မှ သက်ဆိုင်သူ ဆွေမျိုးသားချင်းတို့၏ငိုကြွေး[illegible] များကလည်း ကြားရသူတို့အတွက် စိတ်မချမ်းသာစရာ ဖြစ်နေတေ[illegible] သည်။

ကျွတ်ကုန်းရွာသချိုင်းမှာ ရွာအနောက်ဘက် တောစပ်တစ်[illegible] ရာ၌ ဖြစ်သည်။





ဖျဉ်းမပင်အိုကြီးများနှင့် အခြားသစ်ပင်ကြီးများ ရှိပြီး မြေပေါ် မှာ ချုံများ ရှိလေသည်။

ရုတ်တရက် သေဆုံးသောအလောင်းများကို လွှတ်မည်ဟု ထင် ရသော မြေကွက်လပ်များပေါ်တွင် ဖြစ်သလို တွင်းတူး၍ မြှုပ်နှံကြရ လေသည်။

ထိုသို့ မြှုပ်နှံထားခဲ့ပြီးနောက် ညအချိန် ရောက်လာလျှင် တော ခွေးများက အုပ်လိုက် ရောက်လာပြီး လူသေမြှုပ်ထားသော တွင်းများကို ယက်ဖော်၍ လုယက်စားသောက်ကြသည်။

သို့ကြောင့် အချို့အလောင်းများမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေ ပြီး အချို့အလောင်းများမှာလည်း တစ်ပိုင်းတစ်စ ကျန်တော့သည်။

ခေါင်းတခြား ကိုယ်တခြား၊

ခြေပြတ်လက်ပြတ် အချို့တဝက်သာ ကျန်တော့သည့် အ လောင်းများကို အတိုင်းသား မြင်ရသည်။

အပုတ်နံ့များကတော့ ပတ်ဝန်းကျင်တစ်ဝိုက် လှိုင်နေသည်။ အသုဘပို့ လိုက်လာသူတို့မှာ သချိုင်းအတွင်းသို့ မဝင်ဝံ့သောကြောင့် အပြင်ဘက်မှသာ စောင့်ကြသည်။

သက်ဆိုင်သူအချို့နှင့် အရက်မူးအောင်တိုက်ထားသော ရွာ သားတစ်ယောက်နှစ်ယောက်သာ သချိုင်းတွင်း ဝင်၍ လုပ်စရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြလေသည်။

အရက်မူးနေသူများကတော့ တွင်းတူးသူတူး၊ အလောင်းမြှုပ်နှံရန် ပြင်သူက ပြင်ကြသည်။

အမှန်တော့ အရက်မူးနေသောကြောင့် ဖြစ်သလို မြှုပ်ထားခဲ့သည်ဆိုက ပို၍မှန်ပေမည်။

ပြီးလျှင် ဘယ်သူမှ ကြာကြာဆက်မနေဝံ့ကြတော့သဖြင့် ရွာသို့ ကသုတ်ကရက် ပြန်ကြလေသည်။

အေးရီတို့တတွေကတော့ နီမောင်နှင့် မောင်စိန်တို့နှစ်ယောက် အသုဘပို့ လိုက်သွားကြသဖြင့် အံ့ဩနေကြသည်။

"ဟဲ့... မောင်စိန်၊ အစ်ကိုကို ခေါ်ပြီး ဘာဖြစ်လို့ သင်္ချိုင်းအထိ လိုက်ပို့ရတာလဲ"

"ငါ သွားချင်လို့ မဟုတ်ပါဘူး မမရာ၊ ကိုနီမောင်က သွားကြည့်ချင်တယ်ဆိုလို့ လိုက်သွားရတာပေါ့၊ ညတုန်းကလည်း သူ သွားချင်တယ်ဆိုလို့ ဒေါ်ဖဲဝါကို လိုက်ပြရသေးတယ်"

"ဟင်... ဒါဖြင့် နင်တို့ ညက အပြန်နောက်ကျတာ အဲဒီကို သွားနေကြလို့ပေါ့ ဟုတ်လား"

ထိုအခါ နီမောင်က မနေသာတော့ပဲ ဝင်ပြောရသည်။

"ဟုတ်ပါတယ် အရီရဲ့၊ မောင်စိန်ကို အစ်ကိုခေါ် သွားခဲ့တာပါ"





"အဲဒီလို သွားတော့ ဘယ်လိုထူးတာတွေ တွေ့ခဲ့ရသလဲဟင်"

"တလားခေါက်တဲ့ မကောင်းဆိုးဝါးကြီးနဲ့ လမ်းမှာ တွေ့ခဲ့ရတယ်"

"ဟင်..."

နီမောင်က ညက တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ပြန်ပြောပြလိုက်လေသည်။

"ဒီတလားခေါက်သံကြီးက ကျွန်မတို့ရွာအတွက်တော့ သေမင်းခေါ်သံလို တကယ်အန္တရာယ်ဆိုးကြီးတစ်ခုပါပဲ၊ အဲဒီအသံကြီးမို့ ကြားရရင် ရွာထဲက လူတွေ တစ်ယောက်မဟုတ် တစ်ယောက်ယောက်တော့ သေတာပဲ"

BURMESE CLASSIC

"ဒီအသံကြီးက အမြဲကြားနေရတာပဲလားဟင်"

"အမြဲတော့ မဟုတ်ဘူး၊ အများအားဖြင့်တော့ လမိုက်တဲ့ညတွေမှာ ပိုပြီးကြားရတယ်၊ ကျွန်မတော့ အဲဒီတလားခေါက်သံကြီးကို သိပ်ကြောက်တာပဲ၊ အဲဒီအသံကြီး ကြားရရင် နေစရာ မရှိအောင်ကို ကြောက်တာပဲ"

"ဒီလောက်လည်း မကြောက်ပါနဲ့ အရီရယ်၊ လူဆိုတာ အကြောက်လွန်ရင် ကိုယ့်ကိုယ်ကို ပြန်ပြီးဒုက္ခပေးသလို ဖြစ်တတ်တယ်လို့ အစ်ကိုတို့ကို လူကြီးတွေက ဆုံးမဖူးတာ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲဟင်"

"အဝေးမှာ ရှိသော ရန်သူကို ကြောက်ရသည်၊

အနီး၌ ရှိသော ရန်သူကို ပို၍ကြောက်ရသည်၊

ထို့ထက် မိမိရင်ထဲ၌ ရှိသော ဥပါဒါန်တရားသည် ကြောက်စရာအကောင်းဆုံး ဖြစ်တော့သည်၊

လို့ ပြောဖူးတယ်၊ လူတွေကို ဒုက္ခအပေးနိုင်ဆုံးက ရင်ထဲက ဥပါဒါန်တရားပဲ အစ်ရီ"

"ဒါပေမယ့် ကျွန်မတို့က အဲဒါတွေလည်း မသိပါဘူး အစ်ကို ရယ်၊ ကြောက်စရာရှိရင် ကြောက်လိုက်တာပါပဲ"

"အရီ ဒီလောက်ကြောက်တတ်နေတာ အစ်ကိုတို့နှစ်ယောက် မင်္ဂလာဆောင်ပြီးရင်ကော ဘယ်မှာ နေကြမှာလဲ"

"ဒါကတော့ သျှောင်နောက် ဆံထုံးပါဆိုတဲ့ စကားအတိုင်းပဲ ပေါ့၊ အစ်ကို နေချင်တဲ့နေရာမှာ လိုက်နေရမှာပေါ့"

"အဲဒီလိုဆိုရင် ဒီဝါကျွတ်တာနဲ့ မင်္ဂလာပွဲကိစ္စကို အမြန်ဆုံး စီစဉ်ပြီး အရီကို အစ်ကိုတို့ရွာကို ခေါ်သွားတော့မယ်"

ဟု ပြောဆိုကာ နေ့လည်ဘက်တွင် ကျွန်းနှစ်ပင်ရွာသို့ ပြန်ခဲ့ လေတော့သည်။

ရွာသို့ ပြန်ရောက်သောအခါ မိဘများကို အကျိုးအကြောင်း





ပြောပြလိုက်သည်။

ထိုအခါ ဖခင်ဖြစ်သူ ဦးဘရှိန်က. . .

"အဲဒါ အခုမှ ဖြစ်တာမဟုတ်ဘူး၊ အဲဒီကိစ္စမျိုးကြောင့် ထိန်ပင် တုန်းရွာတစ်ရွာ ပျက်ခဲ့ရပြီးပြီ၊ အဲဒီက ထွက်ပြေးတဲ့လူတွေတောင် ဒီရွာ မှာလည်း အချို့ရှိတယ်၊ ကျတ်ကုန်းရွာဘက်မှာလည်း တချို့ရှိတယ် ထင်တယ်"

ဟု ပြောသည်။

"ဒါဖြင့် တလားခေါက်သံကြီးက အဲဒီရွာပျက်တုန်းကလည်း ကြားရတာပဲလားဟင်"

"ငါတို့တော့ မကြားဖူးဘူး၊ အဲဒီက ပြောင်းလာတဲ့လူတွေ ပြော တာကတော့ အဲဒီရွာပျက်ကာနီးတုန်းကလည်း တလားခေါက်သံကြီး ကြားရပြီး ရွာထဲကို မကောင်းဆိုးဝါးတွေ ဝင်လာတာနဲ့ ရွာပျက်ရတာလို့ ပြောကြတာပဲ"

"အဲဒီတလားကြီးကို ခေါက်နေတာ မကောင်းဆိုးဝါးလား လူလား အဖေ"

"အဲဒါတော့ ငါလည်း မမြင်ဖူး မတွေ့ဖူးတော့ ဘယ်သိမှာလဲ ကွ၊ ဒါမျိုးတွေက သိသင့်သိအပ်တာတွေမှ မဟုတ်တာ၊ မင်းတာ ကြောင့် သိချင်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားလို့ပါ. . .ကျွန်တော် အဲဒီရွာမှာ ညအိပ်တုန်းက အဲဒီတလားခေါက်သံကြီးကို ကြားလာခဲ့ရတယ်"

"ဟင်. ."

ထိုစကားကြောင့် ဖခင်ဖြစ်သူ ဦးဘရှိန်သာမက မိခင်ဖြစ်သူ ဒေါ်ကျင်မေပါ မျက်လုံးပြူးသွားလေတော့သည်။

"ညဘက် တလားခေါက်သံကြီး ကြားရပြီး နောက်တစ်နေ့ မနက်လည်း လင်းရော ရွာသားနှစ်ယောက် သေလို့ သုသာန်ကိုတောင် လိုက်ပို့ပေးရသေးတယ်"

"မင်းကွယ်. . . ဖြစ်မှဖြစ်ရပလေ၊ မင်္ဂလာကိစ္စအတွက် စုံစမ်းနိုင်းလိုက်ပါတယ်၊ မင်္ဂလာမရှိတဲ့ သုသာန်ကိုတောင် သွားခဲ့ရသေးတယ်၊ အံ့ပါရော့"

ဒါတောင် နီမောင်က ဒေါ်ဖဲဝါတဲကို သွားကြည့်ခဲ့ပုံနှင့် တလားခေါက်သည့် မကောင်းဆိုးဝါးကြီးကိုပါ တွေ့ခဲ့ရပုံများကို မပြောဘဲ ချန်ထားခဲ့သည်။

"ဒီအတိုင်းဆိုရင်တော့ မဖြစ်ဘူး၊ တော့်သားကို ကျတ်ကုန်းရွာကို ခဏခဏ လွှတ်လို့ မဖြစ်တော့ဘူး၊ မင်္ဂလာကိစ္စအတွက် ရက်နီးမှပဲ တစ်ခါတည်း သွားကြမယ်"

ဟု မိခင်ဖြစ်သူက ပြောသည်။





ညနေပိုင်းရောက်တော့ နီမောင်တစ်ယောက် ရွာဦးကျောင်းဘက်သို့ ထွက်လာခဲ့သည်။

ကျောင်းတွင် သူနှင့် ခင်မင်ရင်းနှီးသော ကပ္ပိယကြီး ဦးဗန်ကောင်း ရှိလေသည်။

ဦးဗန်ကောင်းသည် အချိန်ရလျှင် အင်္ဂရိတ် ထိုးနေပြီး ဆေးဝါးအော်စပ်ရာမှာလည်း ကျွမ်းကျင်သူဖြစ်သည်။

ရွာထဲမှ လူများ ကျန်းမာရေး ချို့ယွင်းပါက အခကြေးငွေ မယူဘဲ လိုက်လံ၍ ဆေးကုပေးသူဖြစ်သည်။

ကျောင်းရောက်တော့ သီးသန့်ဆောက်ထားသော ဖိုခန်းထဲမှာ ထိုင်နေသော ဦးဗန်ကောင်းကို တွေ့ရသည်။

ရောက်သည်နှင့် နီမောင်က ဝိုင်းကူနေကျအတိုင်း ဦးဗန်ကောင်းလက်မှ ဖိုကြိုးကို ယူကာ ဆွဲပေးသဖြင့် ဦးဗန်ကောင်းက ကွမ်းအစ်ယာ ယာစားနေသည်။

"မင်း မနေ့က ကျတ်ကုန်းရွာဘက် သွားတယ်ဆို၊ မင်္ဂလာပွဲကိစ္စ ပြတ်နီးပြီလား"

"မနီးသေးပါဘူး အဘရာ၊ ဟိုရွာမှာ ရောဂါဆိုးတွေ ဝင်ပြီး လူတွေက သေနေတာနဲ့ မိန်းကလေးဘက်က ဝါကျွတ်အထိ ရွှေ့ဆိုက်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာတဲ့လဲ"

"ဖြစ်တာကတော့ ဝမ်းရောဂါပါပဲ"

"မိုးဦးကျ ရာသီဆိုတာ ဝမ်းဖောဝမ်းယောင် ဖြစ်တာပဲ၊ အစား မဆင်ခြင်ရင် ဝမ်းရောဂါ ဖြစ်မှာပေ့ါ၊ အမှည့်လွန်တဲ့ သရက်သီး စားမိတာတို့ မသန့်တဲ့ တောင်ကျရေတွေ သောက်မိရင် ဝမ်းရောဂါ ဖြစ်ဖို့ အင်မတန် လွယ်ကူတာပေ့ါ၊ ဒီရောဂါမျိုးက ကုသရင် ရပါတယ်"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်း ပြောသည်။

"အခုဟာက ရိုးရိုးဝမ်းရောဂါ ဖြစ်ရုံတင် မကဘူး အဘရဲ့၊ တစ်ရွာလုံးက တစ္ဆေသရဲတွေ ဝင်ပြီးနှောင့်ယှက်ကြလို့ အခုလို သေကြရတာ၊ လမိုက်ညတွေမှာ တလားခေါက်သံကြီးကို ကြားရရင် လူတွေ တစ်ယောက်ပြီးတစ်ယောက် သေကြတော့တာပဲ"

နီမောင်က ကျတ်ကုန်းရွာ၌ ကြုံတွေ့ရသော အကြောင်းများကို ဦးဗန်ကောင်းအား ပြန်ပြောလိုက်သည်။

ဦးဗန်ကောင်းက ကွမ်းယာဝါးရင်း သံညှပ်ဖြင့် မီးဖိုထဲမှ လုံကို လှည့်ပေးနေသည်။

သူသည် နီမောင် ပြောနေသော အကြောင်းအရာများကို လေးလေးနက်နက် စဉ်းစားနေဟန်ရှိသည်။

အတန်ကြာသောအခါမှ . . .





"ဝိညာဉ်လို့ ခေါ်တဲ့ ပရလောကသားတွေဆိုတာ ကိုယ်မမြင်ရ …မယ့် ကိုယ့်ပတ်ဝန်းကျင်မှာ မရေမတွက်နိုင်အောင် ရှိကြတာပဲ၊ တစ်ခါတစ်ရံမှာ တစ္ဆေသရဲတွေက ခြောက်လှန့်တယ်ဆိုတာ မှန်ပေမယ့် တစ်ခါတစ်ရံမှာ မိမိစိတ်က ပြန်ပြီးခြောက်လှန့်လို့ သေရတာတွေလဲ ရှိတယ်၊ သဘာဝထက် ဥပါဒါန် အစွဲအလန်းကြောင့် ဖြစ်တဲ့သရဲက ပိုပြီးကြောက်စရာကောင်းတယ်"

"ဘယ်လိုဟာမျိုးလဲ အဘ"

"သဘာဝ သရဲဆိုတာကတော့ နာမ်သာ ရှိပြီး ရုပ်မရှိတဲ့ ဝိညာဉ်လောကသားတွေကို ပြောတာ၊ အဲဒီမှာမှ ဥပပါဒ်သရဲနဲ့ ဂန္ဓသေယျ သရဲဆိုပြီး နှစ်မျိုးရှိတယ်၊ ဥပပါဒ်သရဲအမျိုးအစားက ရုပ်မရှိပဲ နာမ်ပဲ ရှိတယ်၊ ဒါကြောင့် သာမန်လူတို့ မမြင်နိုင်ဘူး၊ ဂန္ဓသေယျသရဲ အမျိုးအစားက ရုပ်ရှိတယ်၊ ဒါပေမယ့် သာမန်မျက်စိနဲ့တော့ မမြင်နိုင်ဘူး၊ သူတို့ကလည်း ကြောက်လန့်ဖွယ်ရာ ခန္ဓာကိုယ်တွေကို မမြင်ရအောင် ကာကွယ်ထားတယ်၊ မလွဲသာ မရှောင်သာမှသာ သူတို့ကို တွေ့ရလေ့ ရှိတယ်"

"ဒါဖြင့် ခေါင်းတလားကြီးကို ထမ်းပြီး တဘုန်းဘုန်း ထုနေတာက ဘယ်လိုသရဲမျိုးလဲ အဘ"

"တစ္ဆေသရဲဆိုတာ အမှတ်မထင် အခိုက်အတန့်သာ မြင်ရ

www.burmeseclassic.com



လေ့ရှိတယ်၊ မင်းပြောတဲ့ပုံက ရွာသားတစ်ယောက်က ရွာထဲက လူတွေ ကြားရအောင် မောင်းထုပြီး လိုက်ပြောနေတာမျိုးဆိုတော့ မဟုတ်သေး ဘူးကွ”

ဦးဗန်ကောင်း ပြောသည့်စကားကို နီမောင် နားထောင်ပြီး နီမောင်မှာ သူကြုံတွေ့ခဲ့ရပုံများကို တဖြည်းဖြည်း ပြန်စဉ်းစားကြည့်နေ သည်။

“ဘာပဲဖြစ်ဖြစ် အဘရာ၊ ကျွတ်ကုန်းရွာမှာတော့ တစ်နှစ် တစ်နှစ် လူတွေ သေလိုက်ကြတာ မနည်းလှဘူး၊ အခုတောင် ကြောက် လို့ ပြောင်းပြောင်းပြေးတဲ့လူနဲ့ သေတဲ့လူနဲ့ဆိုရင် ရွာမှာ တစ်ဝက် လောက်ပဲ ကျန်တော့တယ်”

“ဒါကတော့ ရွာသူရွာသားတွေက အဖြေတစ်ခု ရအောင် မရှာ ဘဲ ဒီအတိုင်း လည်စင်းခံနေကြလို့ အခုလောက် ဖြစ်နေရတာ ဖြစ်မှာပေါ့ ပြဿနာတစ်ခု ဖြစ်လာရင် အဖြေတစ်ခုက အမြဲရှိပါတယ်၊ အဲဒီအဖြေ ကို ရအောင်ရှာနိုင်မှ အဲဒီပြဿနာ ပြီးမှာ၊ အဖြေမရမချင်းကတော့ ပြဿနာက တောက်လျှောက်ဖြစ်နေမှာပဲ”

“ဘယ်လိုအဖြေရှာရမှာလဲ အဘ”

“အဖြေရှာတယ်ဆိုတာ စဉ်းစားတွေးခေါ်မှု ပါဖို့တော့ လိုတာ ပေါ့၊ ရောဂါဖြစ်တယ်ဆိုရင် ဒီရောဂါ ဘာကြောင့် ဖြစ်တာလဲ၊ သဘာဝ





ဘေးကြောင့် ဖြစ်တာလား၊ ဒါမှမဟုတ် အနှောင့်ပယောဂ နှောင့်ယှက် လို့ ဖြစ်တာလားဆိုတာကို အရင်အဖြေရှာရမယ်၊ သဘာဝဘေးကြောင့် ဖြစ်တယ်ဆိုရင် သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်ရမှာပေါ့၊

အဲ. . . အနှောင့်ပယောဂကြောင့် ဖြစ်တယ်ဆိုရင်လည်း သူနဲ့ သက်ဆိုင်တဲ့ ဖြေရှင်းနည်းတွေနဲ့ ဖြေရှင်းမှ ရတော့မှာပေါ့၊ ဒီလိုမှ မဟုတ်ပဲ အလကားနေရင်း ကြောက်နေလို့ကတော့ အသက်သေကြရုံပဲ ရှိမှာပေါ့”

ထိုစကားကြားသောအခါ နီမောင်မှာ များစွာအားရှိသွားလေ သည်။

“ဟန်ကျတာပဲ. . . ဒီတစ်ခါ ကျွတ်ကုန်းရွာ သွားရင် အဘ တစ်ခေါက်လောက် လိုက်ခဲ့ပါလား၊ ဒါမှ သူတို့တွေလည်း အားရှိသွား မှာပေါ့”

“မင်းသွားဖြစ်တဲ့အခါတော့ ငါ့ကို ခေါ်လေ”

ဟု ကတိပေးလေရာ နီမောင်မှာ ဝမ်းသာပျော်ရွှင်သွားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

# ဦးသူတော်နှင့် ဒေါ်ပဲဝါ

**မိုး**က ဖြိုင်ဖြိုင်ကျလာခဲ့ချေပြီ။

တောင်ကျရေ ဖက်သွပ်ရေများသာမက သုသာန်ရှိရာဘက်မှ စီးဆင်းလာသော ချောင်းရေများက လယ်ကွက်များ၊ ရေတွင်း ရေကန်များအတွင်းသို့ စိမ့်ဝင်လာချေပြီ။

မိုးဦးကျကာလက စပြီး အစပျိုးလာခဲ့သော ဝမ်းရောဂါများမှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း အရှိန်မတန့်သည့်အပြင် ပိုမိုဆိုးဝါးလာကာ တစ်ယောက်ပြီး တစ်ယောက် သုသာန်သို့ ပို့နေရသော အခြေအနေသို့ ရောက်လာခဲ့လေပြီ။

ထိုအထဲမှာ လမိုက်ရက်များတွင် သုသာန်ဘက်မှ ကြားရသော တလားခေါက်သံကြီးကလည်း ရွာအနီးသို့ပင် ရောက်လာကာ မှန်မှန် ကြားနေရလေသည်။

ထိုအမင်္ဂလာအသံကြီးကို ကြားရသည်နှင့် ကျတ်ကုန်းရွာသူ ရွာသားများမှာ တလားခေါက်သံ ဘယ်သူ့ကံ ဆိုသလို မိမိတို့အလှည့်သို့ ဘယ်တော့ ရောက်လာလေမလဲဟု ရင်တထိတ်ထိတ်နှင့် ရှိနေကြရသည်။

အချို့ကလည်း ရွာအပြင်ဇရပ်မှာ အဓိဋ္ဌာန် ဝင်နေသည်ဆိုသော ဦးသူတော် ရှိရာသို့ အားကိုးတကြီး သွားကာ အကူအညီ တောင်းကြရလေသည်။

"ဆရာကြီးရယ်. . . ကျုပ်တို့တတွေကို ကယ်ပါဦးဗျာ၊ ရွာထဲမှာလည်း တစ်နေ့ တစ်လောင်း နှစ်လောင်းဆိုသလို ပစ်နေရတော့ ဘယ်နေ့ ကိုယ်အလှည့် ရောက်လာမလဲဆိုပြီး ရင်တမမနဲ့ စောင့်နေကြရတယ်"

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ ဟို. . . တလားခေါက်သံကြီး





ကိုလည်း လမိုက်ညတွေဆိုရင် အမြဲကြားနေရတယ်. . .၊

အဲဒီမိစ္ဆာကောင် ကြီးကိုရော ဆရာကြီးပညာနဲ့ ရှင်းမပစ်နိုင်ဘူးလားဟင်. . .၊ ရှင်းနိုင်ရင် ဖယ်နိုင်ရင် ရှင်းဖယ်ပေးပါ ဆရာကြီးရယ်"

ထိုအခါ ဦးသူတော်က. . .

"ခက်တာက ဒီမိစ္ဆာ အနှောင့်အယှက်က သာမည မဟုတ်ဘူးဗျ၊ အတော့်ကို ပညာသမ္မာရင့်တဲ့ ပညာသည်တစ်ဦးက စီမံနေတာ ဆိုတော့ ချက်ချင်းနှိမ်နင်းဖို့ကတော့ မလွယ်လှသေးဘူး. . .၊

ကျုပ်လည်း ဒီမှာ အဓိဋ္ဌာန်ဝင်နေရင်းနဲ့ မေတ္တာပို့ပေးနေပါတယ်၊ ဒါမှ မရရင်တော့လည်း နောက်ဆုံး ပညာသုံးပြီး ဖယ်ရှားတန် ဖယ်ရှားပေးရမှာပေါ့လေ"

"ဒီစကား ကြားရတာ ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ဖယ်မယ်ဆိုရင်လည်း အမြန်သာ ဖယ်ရှားပေးပါ၊ ကြာရင် ကျုပ်တို့တစ်ရွာလုံး ကုန်ရပါတော့မယ်"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့လေ၊ ကျုပ် သူ့ကို မဖယ်ခင်မှာ နောက်ထပ် အန္တရာယ် မပေးနိုင်အောင် ကျုပ်ကိုယ်တိုင် စီမံပြုလုပ်ထားတဲ့ လက်ဖွဲ့အဆောင်တွေ ဝေပေးထားပါမယ်. . .၊

ဒါပေမယ့် ဒီလက်ဖွဲ့ကို ဆောင်တဲ့နေရာမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မထုတ်ရင် လက်ဖွဲ့က သတိပေးပြီးနောက် ပျောက်ကွယ်သွားလိမ့်မယ်”

တူ ပြောဆိုသတိပေးကာ ၎င်းဆီသို့ ရောက်လာသူများကို ကြိုးအနီစဖြင့် ပြုလုပ်ထားသော လက်ဖွဲ့တစ်ခုစီ ပေးလိုက်ရာ လူအများသည်း ရေစင်ဖိုးအတွက်ဟု ချထားသော ငွေဖလားထဲသို့ မိမိတို့ ပါလာသော ငွေကလေးများကို ထည့်ပေးခဲ့ကြပြီးနောက် ဝမ်းသာအားရ ပြန်သွားကြလေတော့သည်။

ကျေးလက်တောရွာများ၌ နေသူများမှာ လက်ဖွဲ့ကို လည်ပင်းမှာ ဆွဲထားရသော်လည်း အခါမလပ် ဂရုမစိုက်နိုင်ကြပေ။

အလုပ်ဆင်းသည့်အခါ အချို့ကလည်း လည်ပင်း၌ ဆွဲထားပြီး အချို့ကတော့လည်း အိမ်မှာ သိမ်းထားခဲ့သည်။

သို့သော်လည်း ရက်အတန်ကြာသောအခါ ဦးသူတော် ပေးထားသော လက်ဖွဲ့များမှာ အသက်ဝင်လာသလို တကျွိကျွိနှင့် မြည်လာပြီးနောက် မကြာမီ ပျောက်သွားလေတော့သည်။

ထိုသို့ ပျောက်ရာမှာ လက်ဖွဲ့များသာ ပျောက်သွားပြီး ကြိုးစများကတော့ အကွင်းလိုက် ကျန်ခဲ့လေသည်။

ထို့ကြောင့် အချို့ကလည်း ဦးသူတော်ထံ ပြန်သွားပြီး အကျိုးအကြောင်း ပြောပြကာ နောက်ထပ်အသစ်တစ်ခု ပေးရန် တောင်းပန်





ကြလေသည်။

“ခင်ဗျားတို့ တယ်ခက်တဲ့လူတွေပဲကိုး၊ ကျုပ် အတန်တန် မှာလိုက်ပါရက်နဲ့ ဒီလိုဖြစ်ရတယ်. . .၊ ဒီလက်ဖွဲ့တွေက အထက်ပုဂ္ဂိုလ်တွေကိုယ်တိုင် ချီးမြှင့်ပေး ထားတာဆိုတော့ မသန့်ရှင်းတာဆိုရင် လုံးဝ နေမှာ မဟုတ်ဘူး၊ အခု ခင်ဗျားတို့ လက်ဖွဲ့တွေက ဒီကို အားလုံးပြန်ရောက်နေကြပြီ”

ဦးသူတော်က ဆေးကွမ်းအစ်ထဲမှ လက်ဖွဲ့အချို့ကို ထုတ်ပြလေရာ ယုံကြည်ကြလေသည်။

“ဒီတစ် ါတော့ ခွင့်လွှတ်ပေးပါ ဆရာကြီးရယ်၊ နောက်ကို ဒီလိုမျိုး မဖြစ်ရလေအောင် ဂရုစိုက်ပါ့မယ်၊ ဒီတစ်ခါတော့ လက်ဖွဲ့တစ်ခုလောက် ချီးမြှင့်ပေးပါဦး၊ ဆရာကြီးအတွက် ရေစင်ဖိုးလည်း ထည့်ခဲ့ပါ့မယ်”

ဟု ပြောကာ ပါလာသောငွေများကို ရေစင်ဖလားထဲသို့ ထည့်သောအခါ ဦးသူတော်က နောက်ထပ်အသစ်တစ်ခု ထုတ်ပေးလေသည်။

“ဒီတစ်ခါတော့ မပျောက်မရှရလေအောင် ဂရုစိုက်ကြတဲ့”

ဟုလည်း မှာလိုက်သေးသည်။

တစ်နေ့သည်၌ ဇရပ်ပေါ်၌ လူရှင်းနေပြီး ဦးသူတော်တို့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ယောက်တည်း ရှိနေခိုက် ဧည့်သည်နှစ်ယောက် ရောက်လာ၏။

ဒေါ်ဖဲဝါနှင့် ထော့ကျိုးတာထေတို့ပင် ဖြစ်သည်။

၎င်းတို့နှစ်ဦး၏ပုံပန်းသဏ္ဌာန်များကို မြင်သောအခါ ဦးသူတော်တို့ ဆရာတပည့်နှစ်ယောက်မှာ များစွာထိတ်လန့်သွားသော်လည်း ဟန်ကိုယ့်ဖို့ဆိုသလို ဣန္ဒြေမပျက် နေကြလေသည်။

"ဘာကိစ္စရှိလို့လဲ အဖွားကြီး"

"ဆရာက ဆေးကုတာ အတော်အစွမ်းထက်တယ်လို့ သတင်းကြားလို့ ပညာစမ်းရအောင် လာတာပါ"

"ကျုပ်က အထက်ဂိုဏ်းဆရာတစ်ဦးပဲ၊ ခင်ဗျားအကြောင်းတွေကိုလည်း အားလုံးသိပြီးသားပဲ၊ ဒီတော့ အေးအေးနေရင် ကောင်းမယ်ထင်တယ်"

ဦးသူတော်က အသံမာမာဖြင့် ပြောလိုက်သော်လည်း ဒေါ်ဖဲဝါ တ ဇရပ်အပေါက်နားမှာ ရပ်မြဲရပ်နေလေသည်။

"နင်က လူတွေကို ဆေးကုပေးနေတဲ့လူဆိုတော့ ဆေးပညာရဲ့ အကြောင်းကိုတော့ အတော်ကလေး လေ့လာမိမှာပေါ့၊ အာယုဗ္ဗေဒ ဆေးပညာဆိုတာ ဘာလဲ၊

ဘယ်တုန်းက စပြီးပေါ်လာတာလဲ၊ အာယုဗ္ဗေဒ ဆေးပညာရဲ့





မူလပိုင်ရှင်က ဘယ်သူလဲ၊ အာယုဗ္ဗေဒ ဆေးပညာ လောကမှာ အထင်ရှားဆုံးကျမ်းရဲ့ အမည်က ဘာလဲ ပြောပြပါဦး"

ဒေါ်ဖဲဝါထံမှ မမျှော်လင့်သော မေးခွန်းကို ကြားရသောအခါ ဦးသူတော်မှာ မျက်လုံးပြူးသွားလေသည်။

သူထင်ထားတာက ဒေါ်ဖဲဝါ မေးလာမည့်မေးခွန်းများမှာ စုန်းတဝေ လောကနှင့် ပတ်သက်သော အကြောင်းများသာ ဖြစ်မည်ဟု ထင်ထားခဲ့သည်။

ထိုအကြောင်းများကို မေးလာပါက သူ့အတွက် အခက်အခဲ သိပ်မရှိနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် . . .

စုန်းကဝေများအကြောင်း၊ ပရလောကသားများအကြောင်းကို အတော်များများ လေ့လာထားသောကြောင့် အကယ်၍ ထိုအကြောင်းများ မေးလာပါက အတော်အသင့် ပြန်ဖြေနိုင်မည် ဖြစ်သော်လည်း ယခုမေးခွန်းမျိုး မေးလာသောအခါ ဘယ်ကဘယ်လို စပြောရမှန်း မသိတော့ပေ။

"အဖွားကြီး ဘာတွေ လာမေးနေတာလဲ"

"ဟဲ့ . . . ငါမေးတဲ့မေးခွန်းက ဆရာတစ်ယောက်ဆိုရင် သိထားရမယ့် မေးခွန်းမျိုးပဲ . . . မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဗျာ. . . မသိဘူး၊ ခင်ဗျားမေးတာတွေကို ကျုပ်တစ်ခုမှ မသိဘူး"

ဟု အော်ထုတ်လိုက်သည်။

ဒေါ်ဖဲဝါက ပါးစပ်အတွင်းမှ ကျိုးတို့ကျဲတဲသွားများ ပေါ်အောင် အရုပ်ဆိုးစွာဖြင့် ရယ်လိုက်သည်။

"နင့်ကြည့်ရတာ ဟုတ်တဲ့ပညာတွေ မတတ်ဘဲ မဟုတ်တဲ့ပညာတွေကိုပဲ သင်ထားပုံရတယ်၊ အေးလေ. . . လူတွေကလည်း အဲဒီလို လူမျိုးတွေကိုမှ အထင်ကြီးတာဆိုတော့ ခံကြပေစေဦးပေါ့"

"ကျုပ်က ဘာတွေ မဟုတ်တာ လုပ်နေလို့လဲ"

"ဟဲ့. . . အနာထဲက ပိုးလောက်တွေ ချက်ချင်းထွက်လာတာတွေ၊ ဖယောင်းတိုင်မီးတွေ ချက်ချင်းထတောက်တာတွေ၊ နင်ပေးတဲ့ လက်ဖွဲ့တွေ ပျောက်သွားတာတွေဟာ မသိနားမလည်တဲ့လူတွေကို လိမ်နေတာ မဟုတ်ဘူးလား"

"ခင်ဗျားက ဒီလိုလာပြောရအောင် ဒီအကြောင်းတွေကို ဘယ်လောက် သိလို့လဲ"

"သိတာပေါ့. . . နင့်ထက် ပိုတဲ့ပညာတွေ အများကြီး ရှိသေးတယ်၊ နင် ငါနဲ့ ပြိုင်မလား"

"ဘာဖြစ်လို့ ပြိုင်ရမလဲ၊ ကျုပ်လို အထက်လမ်း လိုက်တဲ့ဆရာ





တစ်ဦးက ခင်ဗျားလို အောက်တန်းစား စုန်းကဝေတစ်ယောက်ကို အဖက်လုပ်ပြီး ပညာပြိုင်ရမတဲ့လား"

"ငါ ပညာပြိုင်မယ်ဆိုတာ ဒီပညာမျိုးတွေ မဟုတ်ပါဘူး၊ နင် အခု အသုံးပြုနေတဲ့ ဓါတ်ပညာတွေကိုပဲ ပြိုင်မှာပါ. . . ဘယ်လိုလဲ"

ဒေါ်ဖဲဝါထံမှ 'ဓါတ်' ပညာဆိုသော စကားတစ်ခွန်း ပါလာသဖြင့် ဦးသူတော်မှာ မျက်လုံးပြူးသွားလေသည်။

"ဓါတ်ပညာဆိုတာ မသိနားမလည်တဲ့လူတွေကို ပညာပြတဲ့နေရာမှာ အတော်အသုံးဝင်တာပဲ. . .၊ ဒါပေမယ့် သုံးတတ်ရင် ဆေးဖြစ်ပေမယ့် မသုံးတတ်ရင် ဘေးဖြစ်တယ်ဆိုတာလည်း သတိထားဦးပေါ့. . .၊

ကိုင်း. . . ဒါဖြင့် အခု ဒီရွာက လူတွေ ရောဂါဆိုးတွေ ဖြစ်နေတာ ဘာကြောင့်လဲဆိုတာ နင်သိရဲ့လား"

"ဘာကြောင့် မသိရမှာလဲ၊ အဲဒါတွေဟာ ခင်ဗျားလက်ချက်တွေဆိုတာ ကျုပ်အားလုံးသိထားပြီးပြီ"

ဒေါ်ဖဲဝါက သွားကျိုးများ ပေါ်အောင် ရယ်လိုက်ပြန်သည်။

"အဲဒီရောဂါတွေက ငါလုပ်နေတာ မဟုတ်ဘူး၊ သူတို့ကိုယ်တွေ ခွဲနေတဲ့ အမှောင့်ပယောဂတွေက သေအောင်လုပ်နေတာ၊ အဲဒါတွေကို နင်မသိဘူး မဟုတ်လား၊ အေး. . . တစ်နေ့ကျတော့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လာပါလိမ့်မယ်"

ဟု ပြောကာ ကုန်းကုန်းကုန်းကုန်းနှင့် လှည့်ပြန်သွားလေတော့သည်။

ထိုအချိန်အထိ ဦးသူတော်မှာ ဒေါသမပြေနိုင်သေးဘဲ ရှိနေလေသည်။

"ဒီမိန်းမကြီး ငါတို့ကို သက်သက်လာပြီး စော်ကားသွားတာကွ"

"ဆရာကလည်း. . . စုန်းကဝေတွေ စော်ကားတာကို ဒီအတိုင်း ငုံ့ခံနေရသလား၊ မှတ်လောက်သားလောက်အောင် ပြန်လုပ်လိုက်ပါလား"

တပည့်ဖြစ်သူ မောင်ကျော်က မြှောက်ပေးသည်။

"အချိန်မတန်သေးလို့ ကြည့်နေတာပေါ့ တပည့်ရာ၊ ဆရာတို့ရဲ့ အကြံအစည်တွေက မပြီးမြောက်သေးလို့ သူ့ကို ဒီအတိုင်း ပြန်လွှတ်ပေးလိုက်တာပေါ့၊ အချိန်တန်တော့လည်း ဆရာ ဘယ်လိုတုန့်ပြန်မယ်ဆိုတာ ငါ့တပည့် တွေ့ရစေမယ်"

"ဒါပေမယ့် လွယ်ပါ့မလား ဆရာ၊ ဒီမိန်းမကြီး ကြည့်ရတာ ပညာအတော်ကလေး တတ်ပုံရတယ်၊ သူ့နောက်က ပါလာတဲ့ လူကြီးတလည်း လူအစစ်ရော ဟုတ်ရဲ့လား မသိဘူး၊

သရဲလိုလို သဘက်လိုလိုနဲ့ လူတွေကို စားသောက်ဝါးတော့မတတ် မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်နေလိုက်တာ ကျောထဲကတောင် စိမ့်လာတယ်"

"ဘာမှ ကြောက်စရာ မရှိပါဘူး ငါ့တပည့်ရာ၊ ဆရာတစ်ယောက်လုံး ရှိပါတယ်၊ အထက်က ပုဂ္ဂိုလ်တွေ ခွင့်ပြုတာနဲ့ သူတို့ကို ဘယ်လိုနှိမ်နင်းမယ်ဆိုတာ မင်းတွေ့ရစေမယ်"

ဟု ဟန်တစ်လုံး ပန်တစ်လုံးဖြင့် ပြောလိုက်ရာ တပည့်ဖြစ်သူမှာလည်း ယုံကြည်သဖြင့် များစွာအားရှိသွားလေတော့သည်။

ဆရာကြီး ဦးသူတော်စိတ်ထဲမှာတော့ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြရတော့မည်ဟု တွေးတောကာ အံကြိတ်ထားလိုက်လေသည်။








www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

## ညပါအိန္ဒ ရောဂါဆိုး

**နောက်** တစ်လခန့် အချိန်ကြာသောအခါ
မောင်နေထိုင်ရာ ကျွန်းနှစ်ပင်ရွာသို့ မောင်စိန်နှင့် အဖော်တစ်ယောက်
ရောက်လာကြသည်။

နီမောင်မှာ မမျှော်လင့်ဘဲ မောင်စိန် ရောက်လာသဖြင့် အံ့ဩ
လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုနီမောင် . . . တိုနီမောင်"

"မောင်စိန်ပါလား . . . ဘာကိစ္စ အရေးတကြီး ရှိလို့ ဒီရွာကို ရောက်လာတာလဲဟင်"

"တိုနီမောင်ကို လာခေါ်တာဗျ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"မမ အတော်နေမကောင်းဖြစ်နေလို့ ကိုနီမောင်ကို အခေါ်ခိုင်းလို့ လာခေါ်တာပါ"

"ဟင် . ."

နီမောင်မှာ အထိတ်တလန့် ဖြစ်သွားလေသည်။

သို့ကြောင့် ဦးဗန်ကောင်း ရှိရာသို့ အပြေးအလွှား သွား အကျိုးအကြောင်း ပြောပြရသည်။

"အဲဒါ . . . အဘပါ လိုက်ခဲ့ရင် ပိုကောင်းမယ်"

"အေးလေ . . . သွားကြတာပေါ့၊ ငါ ဆရာတော်ကြီး အကျိုးအကြောင်း လျှောက်ပြီး လိုက်ခဲ့ပါ့မယ်"

ဟု ပြောကာ ယူစရာရှိသော ပစ္စည်းများကို လွယ်အိတ်ထဲသို့ ထည့်ကာ ဦးဗန်ကောင်းပါ လိုက်လာသည်။

လမ်းရောက်တော့ နီမောင်က မေးသည်။

"အခြေအနေ အတော်ဆိုးသလား မောင်စိန်"





"ကျွန်တော် လာတုန်းကတော့ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေတာပဲ"

"ဟင် . ."

နီမောင်မှာ မျက်လုံးပြူးသွားလေသည်။

ကျတ်ကုန်းရွာမှ ရောဂါဆိုးများအကြောင်းကို သူသိတန်သလောက် သိသည်။

ရောဂါဖြစ်သည်နှင့် အသက်ရှင်ဖို့ မရှိလောက်အောင် ဆိုးဝါးသဖြင့် အေးရီအတွက် များစွာစိတ်ပူသွားလေသည်။

"ဘုရား . . . ဘုရား၊ အေးရီတစ်ယောက် ဘာမှမဖြစ်ပါစေနဲ့" ဟုလည်း တတွတ်တွတ် ဆုတောင်းနေမိသည်။

ရွာသို့ ရောက်သောအခါ အိပ်ယာပေါ်မှာ ပက်လက်ကလေး ဖြစ်နေပြီဖြစ်သော အေးရီကို စိတ်မချမ်းသာစရာ တွေ့ရသည်။

"အေးရီရယ် . . . ဘယ်လိုဖြစ်ရတာလဲ"

"ကိုနီမောင် ရောက်လာပြီလား . . .၊ ကျွန်မတော့ နေရတော့ မထင်ဘူး . . .၊ ညဘက်ရောက်ရင် တလားခေါက်သံကြီးကိုလည်း ကြားနေရတယ် . . .၊ သူတို့ အေးရီကို ခေါ်နေကြပြီနဲ့ တူတယ်"

ဟု စိတ်မချမ်းမြေ့စွာ ပြောသည်။

"အို . . . ဘာတွေပြောနေတာလဲ၊ အေးရီ ဘာမှမဖြစ်စေရဘူး



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနဲ့အတူ ဆေးဆရာတစ်ယောက်လည်း ပါလာတယ်၊ အေးရီ ရောဂါကို ပျောက်အောင် ကုပေးမှာပါ”

ဟု ပြောသော်လည်း အေးရီမှာ မျက်စိကို မှိတ်ထားလျက် မျက်ရည်များသာ စီးကျနေတော့သည်။

“အဘ. . . အေးရီ အခြေအနေကို တဆိတ်လောက် ကြည့်ပေးပါဦး”

ဟု ပြောသဖြင့် ဦးဖန်ကောင်းက ရောဂါအခြေအနေကို အကဲခတ်၍ ဆေးများ တိုက်ကျွေးရာ ဝမ်းရောဂါက သက်သာသွားသော်လည်း အေးရီအခြေအနေကတော့ မကောင်းလှပေ။

“နီမောင်. . . မိန်းကလေးက ပြင်ပရောဂါ ဝင်တာထက် စွဲလန်းမှု ဥပါဒါန်ကြောင့် ဖြစ်တဲ့ရောဂါက ပိုများနေတယ်၊ အဲဒီရောဂါမျိုးက ဆေးနဲ့ ကုပေးလို့ မရဘူး၊ မင်း သူ့ကို အတော်ကလေး ဂရုစိုက်ပေးမှ ဒီတောင်က လွတ်မယ်”

ဟု တိုးတိုးသတိပေးလေသည်။

သို့ကြောင့် နီမောင်ကလည်း နေ့ရောညပါ အေးရီအနားမှ မထဘဲ ပြုစုစောင့်ရှောက်ပေးလေသည်။

ထုံးစံအတိုင်း နေဝင်ချိန် ရောက်လာပြီဆိုသည်နှင့် ခွေးအူသံ၊ ခွေးဟောင်သံ၊ ကျီးပြိုသံများကို အဆက်မပြတ် ကြားရလေ့ရှိသည်





ဝါဆိုဝါခေါင် ရောက်လာပြီမို့ ဖက်သွပ်ရေ၊ တောင်ကျရေများ တလည်း ရွာအနီးတဝိုက် ဖုံးလွှမ်းနေချေပြီ။

အဆိုးဆုံးက သုသာန်ဘက်မှ ဖြတ်သန်းစီးဆင်းလာသော ချောင်းမှ ရေများက ရွာတစ်လျှောက် နေရာအနှံ့သို့ စီးဝင်လျက် ရှိနေချေပြီ။

အမှောင်ဖုံးသော ညအချိန် ရောက်လာသည်နှင့် ခွေးအူသံ၊ ခွေးဟောင်သံ၊ ကျီးပြိုသံများသာမက တောင်လေ တဝုန်းဝုန်း တိုက်ခတ်သံများကလည်း ကြောက်စိတ်များကို ပိုမိုဖြစ်လာစေသည်။

တစ်ခါတစ်ရံ တိတ်ဆိတ်နေသောအချိန်တွင် မထင်မှတ်ဘဲ ‘ဝုန်း’ ကနဲ ‘ဒိုင်း’ ကနဲ ပေါ်လာသော အသံကြီးများက အသည်းနှလုံးကို တုန်လှုပ်စေကာ အသက်ရှူရပ်မတတ် ဖြစ်တတ်ပေသည်။

“အစ်ကို. . . အပြင်မှာ အမှောင်ရိပ်တွေ ဖုံးလာပြီ မဟုတ်လား၊ ခွေးအူသံတွေကလည်း မရပ်မနားပဲ အေးရီတော့ သိပ်ကြောက်တာပဲ၊ ခွေးအူသံတွေ လာပြီးရင် တလားခေါက်သံကြီး လာတော့မယ်ထင်တယ်”

“အို. . အရီကလည်း ခွေးအူတာပဲ၊ ဘာထူးဆန်းတာမှတ်လို့၊ နောက်ပြီး တလားခေါက်သံဆိုတာလဲ နာနာဘာဝတွေက လှည့်စားတဲ့အသံဖြစ်မှာပါ၊ ဘာမှမကြောက်နဲ့တော့၊ မျက်စိမှိတ်ပြီး ဘုရားတရားကို



www.burmeseclassic.com

www.burmeseclassic.com



အာရုံပြုထားနော်"

နီမောင်က အေးရီ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထား ကာ အားပေးရလေသည်။

"ဒီအသံတွေ ကြားရတာ အသည်းနှလုံးကို လက်အေးကြီးနဲ့ ဆုပ်ကိုင်နေသလိုပဲ၊ သိပ်ကြောက်ဖို့ကောင်းတာပဲ"

"အို. . . ဘာမှ ကြောက်စရာ မရှိဘူး၊ အစ်ကို အရီအနားမှာ အမြဲစောင့်ပေးနေတယ်၊ စိတ်ကို ငြိမ်အောင်ထားနော်"

ဦးဖန်ကောင်းက သင့်တော်သောဆေးများကို တိုက်သဖြင့် ဝမ်းရောဂါက သက်သာနေပြီဖြစ်သော်လည်း ကြောက်ရွံ့သည့်စိတ်က တော့ တစ်နေ့တစ်ခြား ပိုဆိုးလာသည်။

နီမောင်ကိုယ်တိုင်က အေးရီကိုသာ အားပေးနေရသော်လည်း စိတ်ထဲမှ အားရမှု သိပ်မရှိလှပေ။

တစ်နေ့တစ်ခြား ပိုဆိုးလာသည်ဟု ထင်နေသည်။

"အဘ. . . အေးရီအခြေအနေက ရမှရပါတော့မလား"

"ရောဂါဖြစ်တာကတော့ ငါတိုက်တဲ့ဆေးနဲ့တင် ပျောက် သလောက် ဖြစ်နေပြီ၊ အခု ကျန်နေတာက ကြောက်စိတ်ပဲ၊ အဲဒီ ကြောက်စိတ်ကတော့ သူ့ဖာသာ ထိန်းမှပဲ ရမယ်"

ဦးဖန်ကောင်းက စိတ်မကောင်းသော လေသံဖြင့် တိုးတိုးပြော





သည်။

နီမောင်တို့ ရောက်နေသည့်ရက်မှာပင် ရွာထဲမှ အခြေအနေ မှာ မကောင်းလှပေ။

အချို့က မိမိတို့အိမ်များကို ပစ်ခါ အခြားနေရာများသို့ ရွှေ့ ပြောင်းပြေးရန် ပြင်နေကြပြီ။

အချို့ခမျာမှာလည်း အခြားသို့ မရွှေ့နိုင်သဖြင့် မျက်စိမျက်နှာ ပျက်ပျက်နှင့် ကျန်ခဲ့လေသည်။

"ဟေး. . . တို့တော့ မနေဝံ့တော့လို့ သွားတော့မယ်၊ ညည်းတို့ တတွေရော မသွားကြသေးဘူးလား"

"အေး. . . သွားကြကွယ်၊ ငါတို့ကတော့ ကမ္ဘာသကာပါပဲ၊ အိမ်နဲ့ခြံကိုလည်း ဒီအတိုင်း ပစ်ထားခဲ့လို့မဖြစ်၊ ကျွဲတွေနွားတွေကလည်း ရှိသေးတယ်၊ ဒါတွေကို ထားခဲ့လို့မှ မရတော့ ကြောက်ကြောက်နဲ့ပဲ နေရတော့မှာပဲကွယ်"

ဟု ပြောကာ ကျန်ရစ်ခဲ့ကြလေသည်။

ထိုရက်များအတွင်းမှာလည်း ဝမ်းရောဂါများက သိပ်ပြတ်လှ သည် မရှိလှပဲ တစ်ရက်ကို တစ်လောင်းနှစ်လောင်း ရှိသလို သုသာန်သို့ အမြဲပို့ပေးနေကြရသည်။

အချို့ကလည်း ရောဂါအခြေအနေများ တစ်နေ့တစ်ခြား ပိုဆိုး

www.burmeseclassic.com

လာသဖြင့် ပိုက်ဆံကောက်ခံကာ ပရိတ်တရားတော် ရွတ်ဖတ်နာကြားရန် ပြင်သူက ပြင်နေလေ၏။

ဦးဗန်ကောင်းမှာ ဝမ်းရောဂါအတွက် ဆေးဝါးများ ပါလာသော်လည်း လူအတော်များများက ဦးဗန်ကောင်းတို့ကို ဆရာမှန်း မသိသဖြင့် အကြောင်းရှိလျှင် လာခေါ် ရမှန်း သတိမရကြပေ။ ဦးဗန်ကောင်းတို့ကလည်း ဘယ်အိမ်မှာ ဘာရောဂါဖြစ်နေမှန်း မသိရဘဲ သေဆုံးသွားပြီး ငိုသံများ ကြားရတော့မှ သိကြရသည်။

တစ်နေ့တွင် ဦးသူတော် ရောက်လာပြီး အေးရီကို ဆေးကုပေးရန် ပြင်နေပြီးမှ ဦးဗန်ကောင်းတို့ ရောက်နေမှန်း သိသောအခါ ဆေးမကုတော့ဘဲ ချက်ချင်းထပြန်သွားလေတော့သည်။

သူ့အမူအယာမှာ ယခုကဲ့သို့ ဦးဗန်ကောင်းတို့ ရောက်နေသည်ကို သိပ်ပြီးကျေနပ်ဟန် မတူပေ။

ဤသို့ဖြင့် ကျတ်ကုန်းရွာကလေးတွင် အခြားနေရာသို့ ရွှေ့ပြောင်းသွားသူ များလာသောကြောင့် ရွာထဲတွင် တံခါးပိတ်ထားသော အိမ်က တစ်နေ့တစ်ခြား ပိုများလာသည်။

ရွာထဲတွင် လူနည်းစုသာ ကျန်ခဲ့ပြီး ထိုလူများမှာလည်း နေ့တထိတ်ထိတ် ညတထိတ်ထိတ်ဖြင့် မိမိတို့အလှည့် ဘယ်တော့ ရောက်လာလေမလဲဟု စောင့်နေရသည့်သဘောမျိုး ရှိကြလေသည်။





ညအချိန်များ ရောက်လာလျှင်လည်း ခွေးအူသံ၊ ခွေးဟောင်သံ၊ ကျီးပြိုသံများအပြင် 'တဗုံဗုံ' နှင့် တလားခေါက်သံကြီးကိုပါ ကြားရသဖြင့် ကောင်းစွာ မအိပ်ဝံ့အောင် ရှိကြလေသည်။

တစ်ခါတစ်ရံတွင် တလားခေါက်သံကြီးမှာ သုသာန်ဘက်ဆီမှ အောင် မဟုတ်တော့ပဲ ရွာခြေအထိ ရောက်လာတတ်လေသည်။ ရွာအနောက်ဘက် တောစပ်တွင် တလားကြီးကို ထမ်းလျက် ခေါက်တုန်းခေါက်ပြန် လျှောက်နေသော မည်းမည်းသဏ္ဌာန်ကြီးကိုလည်း တွေ့မြင်သူက မြင်ကြရသည်။

"ဗုံ . . ဗုံ . . ဗုံ"

"ဗုံ . . ဗုံ . . ဗုံ"

တလားခေါက်သံနှင့်အတူ အသံသြသြကြီးဖြင့် မပီမသ ရေရွတ်လိုက်သံကြီးကိုပါ ကြားကြရလေသည်။

"သုသာန်မြေမှာ ရှိတဲ့
ငါ့ရဲ့တပည့်လက်သားတွေ
ပျော်ပျော်ပါးပါး စားသောက်ရအောင်
ဝမ်းရောဂါဆိုးတွေ ဝင်ကြစမ်းဟဲ့
တစ်ယောက်ပြီးတစ်ယောက် သေကြစမ်းဟဲ့
သချိုင်းမြေဟာ နင်တို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သေမင်းလက်နဲ့ အသက်ထွက်

ဟား. . ဟား. . ဟား. . ဟား"

စူးစူးဝါးဝါး ပြောနေသောအသံကြီးနှင့်အတူ တစ်ခါတစ်ရံ ကြောက်စရာကောင်းသော ရယ်သံကြီးကိုပါ ကြားကြရသည်။

ထိုအသံဆိုးကြီးကို ကြားရသည်နှင့် ရွာသူရွာသားများမှာ နေစရာ မရှိအောင် ကြောက်ရွံ့ကြရုံမက နေမကောင်းဖြစ်နေသော အေးရီမှာလည်း မျက်နှာမှာ သွေးမရှိတော့လောက်အောင် ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ကာ မျက်ရည်များ ကျလျက် တရှုံ့ရှုံ့ ငိုကြွေးလေတော့သည်။

ထိုသို့ ငိုနေသည်ကို မြင်သောအခါ နီမောင်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရလေသည်။

နံဘေးနားမှာ ရှိနေကြသော မိဘများက ဖြောင်းဖျနှစ်သိမ့်သော်လည်း မရတော့ပေ။

"ဒီအတိုင်းဆိုရင်တော့ ငါ့သမီးလေးတော့ တဖြည်းဖြည်းနဲ့ ရေတိမ်နစ်ရတော့မယ် ထင်ပါရဲ့ကွယ်"

"ကယ်နိုင်ရင် ကယ်ပါဦး ဆရာရယ်"

ထိုအခါ ဦးဗန်ကောင်းက. . .

"သူ့မှာ ဖြစ်နေတဲ့ရောဂါကတော့ မရှိသလောက် ပျောက်ကင်းသွားပါပြီ၊ အခု ကျန်နေတာက သူ့ရင်ထဲမှာ စွဲလန်းမှုဖြစ်နေတဲ့ ကြောက်စိတ်ပဲ၊ အဲဒီစိတ်ကိုတော့ ကာယကံရှင်ကိုယ်တိုင်က ဖယ်ရှားနိုင်မှ ရမှာပါ"

ဟု ပြောပြသည်။

နီမောင်ကလည်း ချစ်သူအနားမှ ခွာသည် မရှိလှပဲ အမျိုးမျိုး ဖြောင်းဖျပြောဆိုပေးသည်။

"အေးရီရယ်. . . ဘာကြောင့် ငိုနေရတာလဲ၊ အစ်ကိုလည်း အနားမှာ ရှိနေတာပဲ. . . အားတင်းထားဦးမှပေါ့၊ တကယ်လို့ အေးရီ ဒီရွာမှာ မနေဝံ့တော့ဘူးဆိုရင် အစ်ကိုတို့ ရွာကို ခေါ်သွားပေးပါ့မယ်"

"ညဘက်ရောက်ရင် မကောင်းဆိုးဝါးအသံကြီးက ကြားလာရတော့တာပဲ၊ အခုဆိုရင် ညတိုင်းလိုလို ကြားနေရတော့တာပဲ၊ နောက်ပြီး အေးရီတို့ရဲ့အိမ်နားကို ညတိုင်းရောက်လာသလိုပဲ၊ ကြောက်စရာကောင်းလိုက်တာ အစ်ကိုရယ်"

ဟု ပြောကာ တရှုံ့ရှုံ့ ငိုပြန်လေသည်။

ထိုအခါ နီမောင်မှာ အမျိုးမျိုး ချော့မော့နှစ်သိမ့်ရပြန်လေသည်။

ထိုသို့ နှစ်သိမ့်ရင်းမှပင် သူ့စိတ်ထဲမှာလည်း မသက်သာသလို ဖြစ်နေမိသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . အေးရီ ပြောသလို တလားခေါက်သံကြီး

အော့ဆိုရင် ညတိုင်းလိုလို ကြားနေရသလိုပဲ၊ နောက်ပြီး တဖြည်းဖြည်း

အေးရီတို့ရဲ့အိမ်နားကို ကပ်လာသလိုပဲ၊ အေးရီကို ဒုက္ခပေးရအော

တင်လာနေရော့သလား"

ဟု တွေးမိသည်။

ထိုအကြောင်းကို ဦးဇန်ကောင်းနှင့်လည်း တိုးတိုးတိတ်တိ

တိုင်ပင်ကြည့်ရသည်။

"အဘ ဒီရွာရောက်ကတည်းက ညဘက်ရောက်လာရင်

တလားခေါက်သံကြီးကို ကြားရတယ်မဟုတ်လား"

"အင်း. . . ကြားမိသားပဲ"

ဦးဇန်ကောင်းက ကွမ်းဝါးရင်း အရေးမကြီးသလို ပြန်ပြော

သည်။

"အတော် ကြောက်စရာကောင်းတယ်နော်"

"ဘာကြောက်စရာ ရှိသလဲကွာ၊ သူ့ဖာသာ ခေါက်နေတာပဲ

လက်ညောင်းတော့ ရပ်သွားပေလိမ့်မပေါ့"

"ဟင်. . . နာနာဘာဝက လက်ညောင်းတယ် ရှိပါ့မလား"

"မင်းက အခုကြားနေရတဲ့ တလားခေါက်သံကြီးကို ပ

လောက,က နာနာဘာဝတွေ ခေါက်နေတယ်များ ထင်လို့လား၊ နာနာ





ဘာဝက ခေါက်နေတယ်ဆိုရင်လည်း တစ်ခါတစ်ရံမှသာ ကြားရင်ကြား

လိမ့်မယ်၊ အခုလို အချိန်မှန်မှန်နဲ့ နေ့ဆက်ရက်ဆက်တော့ ကြားရမှာ

မဟုတ်ဘူး"

"ဟင်. . ဒါ. . ဒါဖြင့်. . "

"ဒါနဲ့ ပတ်သက်ပြီးတော့ အဖြေတစ်ခုတော့ ရှိမှာပါ၊ ငါ ရွာထဲ

ကလျှောက်သွားလိုက်ဦးမယ်၊ ဒီရွာမှာ ငါနဲ့သိတဲ့ မိတ်ဆွေတစ်

ယောက် ရှိတယ်၊ သူနဲ့ တွေ့ပြီး မေးကြည့်ရင် သဲလွန်စတစ်ခု၊ ဒါမှ

မဟုတ် အဖြေတစ်ခုခု ရနိုင်တယ်"

ဟု ပြောကာ အပြင်သို့ ထွက်သွားလေသည်။

နောက်ပိုင်းရက်များတွင် ရောဂါအခြေအနေများက ပိုမိုဆိုးဝါး

လာပြီး သေဆုံးသူက များလာသည်။

ညဘက်ရောက်လာလျှင် တလားခေါက်သံ၊ ခွေးအူသံ၊ ကျီးပြို

သံများ ကြားရပြီး တစ်လောင်း၊ နှစ်လောင်းတော့ သေကြပြန်သည်။

ထိုအသံဆိုးကြီးများ ပေါ်လာပြီးသည်နှင့် ဘယ်အိမ်က ငိုသံကြားရလေ

မလဲဟု ရင်တမမနှင့် နားစွင့်နေကြရသည်။

တိတ်ဆိတ်သောအချိန်များတွင် စီကနဲ ညံကနဲ ငိုသံကြားပြီးပါ

က နောက်တစ်နေ့ မနက်လင်းလျှင် ရွာမလေ့ထုံးစံအရ အသုဘ လိုက်

ပို့ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က အသုဘပင် မပို့ချင်ကြတော့။

သုသာန်သို့ သွားရမှာကို အလိုလို ကြောက်နေကြသည်။

"အေး. . . ကိုယ်က သုသာန်ကို လိုက်ပို့နေရသေးတယ်ဆိုရင် တော်သေးတယ်မှတ်ကြ၊ ကိုယ့်ကို လိုက်ပို့ပေးနေမှ ဟုတ်ပေ့ ဖြစ်နေဦးမယ်"

ထိုသို့ပြောမှ မလိုက်ချင်လိုက်ချင်နှင့် လိုက်ပို့ရသူများလည်း ရှိသည်။

ရွာမှာ အသေအပျောက်များလာရာ. . . ကြာတော့ ခေါင်း[illegible] လားပင် မလုပ်နိုင်ကြတော့ပဲ ဖျာလိပ်နှင့်ပင် ပတ်ကာ ဖြစ်သလို ပို့ကြ[illegible] သည်။

သုသာန်ရောက်တော့လည်း လူသေအလောင်းများ မြှုပ်ရ[illegible] များနေသဖြင့် နေရာလွတ်ပင် မရှိအောင်ဖြစ်နေလေရာ မြေမြှုပ်[illegible] တျင်းများကိုပင် ဖြစ်သလို တူးကာ အလောင်းများကို ဖြစ်သလို ထ[illegible] မြှုပ်ပြီး ပြန်ကြလေသည်။

အချို့မှာ မြေကျင်းများ တူးနေစဉ် မကြာသေးမီက မြှုပ်ထ[illegible] သောအလောင်းကို ယက်ဖယ်မိသလို ဖြစ်သွားပြီး ဘွားကနဲ ပေါ်ထ[illegible] သော ရုပ်ပျက်ဆင်းပျက်အလောင်းကြီးကို မြင်ကာ အထိတ်တလန့်[illegible] ကာ ထွက်ပြေးရသည်လည်း ရှိသည်။





တစ်ကြိမ်၌မူ မကြာသေးမီက မြေမြှုပ်ထားသော အလောင်း၏ဒူးကောက်ကြောကို တူရွင်းဖြင့် ခုတ်ဖြတ်သလိုဖြစ်ကာ အကြောခုန်းတက်လာပြီး လူသေအလောင်းက ငေါက်ကနဲ ထထိုင်လာသဖြင့် အသုဘ ပို့သူများက အထိတ်တလန့်ဖြင့် ထွက်ပြေးရသည်ပင် ရှိလေသည်။

နောက်ပိုင်းရက်များတွင် ရွာထဲမှ ငိုသံများ ကြားရလျှင် အေးရီကြားနိုင်အောင် ပြုလုပ်ထားရပြီး အသုဘ ချတော့မည်ဆိုလျှင်လည်း သူမ မမြင်သာအောင် ကာကွယ်ထားကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

# သုသာန်အတွင်းမှ ကြောက်မက်ဖွယ်ရာများ

ညကွယ်နေ့ည. . .

အမှောင်ထုက ပတ်ဝန်းကျင်တဝိုက်ကို ဖုံးလွှမ်းထားရုံမက မိုးဖွဲ တလေးများကလည်း ကျဆင်းနေသောကြောင့် ပတ်ဝန်းကျင်တဝိုက်မှာ ဝေ့ဝါးလျက် ရှိနေလေသည်။

ကျတ်ကုန်းရွာသချိုင်းမှာ တောစပ်၌ ရှိသည်ကတကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်၌ ပျဉ်းမပင်နှင့် အခြားသစ်ပင်များက ဖုံးအုပ်ထားသည်က တစ်ကြောင်းကြောင့် အမှောင်ထုများက ပိုမိုဖုံးအုပ်ထားသကဲ့သို့ ရှိနေချေသည်။

အချို့သစ်ပင်ကြီးများမှာ အရွက်မရှိတော့ပဲ အရိုးသာ ကျန်တော့သဖြင့် အမှောင်ထဲမှာ မကောင်းဆိုးဝါးကြီးများ မားမားရပ်နေသကဲ့သို့ ရှိနေချေသည်။

လေတိုက်လိုက်တိုင်း သစ်ပင်ကြီးများ ယိမ်းထိုးလှုပ်ရှားနေရာမှ သစ်ကိုင်းချင်း ပွတ်ကြိတ်မိသံများ၊ ချုံပုတ်ချုံတောများကို လေတိုးရာမှ ပေါ်လာသောအသံများမှာလည်း အမှောင်ထဲမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် နေရာအနှံ့ဆီမှ ပေါ်ထွက်လျက် ရှိနေတော့သည်။

အမှောင်ရိပ်သမ်းစအချိန်မှာ သင်္ချိုင်းအတွင်းသို့ မည်းမည်းသဏ္ဌာန်နှစ်ခု ဝင်လာကြလေသည်။

၎င်းတို့မှာ မိုးရေကာအစများကို ခေါင်းပေါ်မှ ခြုံလာသောကြောင့် မည်သူမည်ဝါ ဖြစ်မည်ကိုတော့ ခန့်မှန်းရန် မလွယ်လှပေ။

၎င်းတို့နှစ်ဦးသည် သင်္ချိုင်းအတွင်းသို့ ဝင်လာရင်း အခြေအနေကိုလည်း မျက်ခြည်မပြတ် ကြည့်လာကြသည်။

၎င်းတို့ ဝင်လာသောကြောင့် ဆူးချုံများအနီး၌ ပုန်းခိုနေကြ





သော မြေကြွက်ကြီးများမှာ အလန့်တကြား ထွက်ပြေးသွားကြရာ သစ်ပင်ချုံတို့မှာ တဗျောဗျော တဖြိုဖြို မြည်ကာ လှုပ်ယမ်းလျက် ရှိနေတော့သည်။

ရုတ်တရက်ဆိုလျှင် သစ်ချုံများကို တဗျမ်းဗျမ်း မြည်အောင် လှုပ်ယမ်းနေသကဲ့သို့ ရှိလေသည်။

သင်္ချိုင်းမြေတစ်ခုလုံးမှာ အပုတ်နံ့များက လှိုင်နေလေသည်။ ခဏကြာတော့ သင်္ချိုင်းအစပ်မှ ခွေးတစ်ကောင်၏ဆွဲဆွဲငင်ငင် အူသံကြီး ပေါ်လာသည်။

"အူ . . အူ . . အူ"

ခွေးအူသံကြောင့် သင်္ချိုင်းအတွင်း ဝင်လာသော မည်းမည်းသဏ္ဌာန်နှစ်ခုမှာ ခြေလှမ်းတန့်သွားကြသည်။

ခဏကြာတော့မှ ရှေ့သို့ ဆက်သွားရာ သစ်ပင်ချုံနွယ်များ အုပ်ဆိုင်းနေသော ပျဉ်းမပင်ခြောက်ကြီး ရှိသည့်နေရာသို့ ရောက်သွားကြသည်။

ပျဉ်းမပင်ခြောက်ကြီးအောက်မှာ မြေပုံများ ရှိသလို အမှောင်ရိပ်များကလည်း ဖုံးလွှမ်းထားလေသည်။

လှမ်းကြည့်လိုက်တော့ ပျဉ်းမပင်ခြောက်ကြီးအောက်ရှိ မြေပုံတစ်ခုပေါ်မှာ ထိုင်နေသော မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်ကြရ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ခြေလှမ်းတန့်သွားကြသည်။

"အဘ. . . ဟိုမြေပုံပေါ်မှာ မည်းမည်းကြီး ထိုင်နေတယ်"

နီမောင်က နံဘေးနားမှ ဦးဇန်ကောင်းကို လေသံတိုးတိုးနှင့် သတိပေးလိုက်လေသည်။

ထိုသို့ပြောနေစဉ်မှာ မည်းမည်းသဏ္ဌာန် ရှိရာဆီမှ ရဲကနဲ ရဲတနဲနှင့် ဆေးလိပ်မီးဖွာလိုက်သကဲ့သို့ မီးရောင်ထွက်လာသည်။

"လာ. . . သွားကြစို့"

ဦးဇန်ကောင်းက ပြောသည်။

"ဟင်. . . ဘယ်ကို သွားမှာလဲ"

"ဟိုမှာ ဆေးလိပ်မီးဖွာပြနေပြီလေ၊ သူ့ဆီ သွားရမှာပေါ့"

"အဲ. . အဲဒါ မကောင်းဆိုးဝါးကြီး ထိုင်နေတာ မဟုတ်ဘူး လား"

"ဟိုရောက်တော့ သိရလိမ့်မယ်"

ဟု ပြောကာ ရှေ့မှ သွားလေရာ နီမောင်ကလည်း နောက်မှ လိုက်သွားရသည်။

မလှမ်းမကမ်း ရောက်တော့မှ မြေပုံပေါ်မှာ ထိုင်နေသော မည်းမည်းသဏ္ဌာန်မှာ လူတစ်ယောက်မှန်း သိရတော့သည်။

တရဲရဲ ဖွာနေသော မီးရောင်ကြောင့် မျက်နှာကို ရိပ်ကနဲ မြ





ရသည်။

"ဒေါ်ဖဲဝါ မဟုတ်လား"

"အေး. . . ဟုတ်တယ်၊ နင်တို့ ရောက်လာကြပြီလား"

"ဟုတ်တယ်"

"အေး. . . ဒါဖြင့် ဟိုပျဉ်းမပင်နောက်ဘက်မှာ ကွယ်နေကြ၊ မကောင်းဆိုးဝါးကြီး ရောက်လာတော့မယ်"

ဟု ပြောသဖြင့် နှစ်ယောက်သား ပျဉ်းမပင်နောက်ဘက်သို့ ဝင်နေကြရသည်။ ဒေါ်ဖဲဝါကလည်း မြေပုံပေါ်မှ သူတို့ ရှိသောနေရာသို့ ရွှေ့လာသည်။

နီမောင့်စိတ်ထဲမှာ သချိုင်းထဲမှာ ဒေါ်ဖဲဝါကို တွေ့ရ သဖြင့် များစွာအံ့သြနေလေသည်။

"ဟော. . . ခွေးအူသံတွေ ကြားရတယ်၊ မကောင်းဆိုးဝါးကြီး ရောက်လာတော့မယ်"

ဟု တိုးတိုးပြောလိုက်လေသည်။

ထိုအချိန်မှာ မိုးကလည်း ပိုများလာသလို လေတိုက်တာလည်း ပိုပြင်းထန်လာသည်။

သစ်ပင်များကို လေတိုက်ရာမှ ပေါ်ထွက်လာသော 'တအော ဝါ' အသံများမှာ ဆူညံလျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် သချိုင်းအစပ်နားလောက်မှ ခွေးအူသံ၊ ခွေး ဟောင်သံများ ပေါ်ထွက်လာသည်။

"အူ. . ဝူ. . ဝူ"

ထိုအသံကြားရပြီး မရှေးမနှောင်းမှာပင် သချိုင်းအတွင်းသို့ ဝင်လာသော မည်းမည်းသဏ္ဍာန်ကြီးကို သစ်ပင်များကြားမှ မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

"သူရောက်လာပြီ"

ဒေါ်ဖဲဝါက ခပ်တိုးတိုး ပြောသည်။

မည်းမည်းသဏ္ဍာန်ကြီးမှာ သစ်ပင်များကြားမှ မားမား,မားမား နှင့် လျှောက်လာပြီးနောက် မလှမ်းမကမ်း ရောက်သောအခါ တစ်နေရာ သို့ ချိုးကွေ့ကာ ဝင်သွားလေသည်။

နီမောင်တို့လည်း တုတ်တုတ်မျှ မလှုပ်ဝံ့ကြဘဲ အခြေအနေကို စောင့်ကြည့်နေကြလေသည်။

အတန်ကြာသည်အထိ နောက်ထပ် ဘာသံမှ မကြားရဘဲ မိုး လေသံများသာ မှန်မှန်ကြီး ပေါ်ထွက်နေတော့သည်။

အတော်ကြီး ကြာမှ သူတို့ ရှိနေသောနေရာနှင့် အနည်းငယ် ဝေးကွာသောနေရာဆီမှ တလားခေါက်သံကြီး ပေါ်လာလေတော့ သည်။





"ဗုံ. . ဗုံ. . ဗုံ"

"ဗုံ. . ဗုံ. . ဗုံ"

"ဟော. . . တလားခေါက်သံကြီး"

နီမောင့်ပါးစပ်မှ လွှတ်ခနဲ အသံထွက်သွားသောကြောင့် ဦးဇန် ကောင်းက အသံမထွက်ဖို့ရန် သတိပေးလိုက်ရသည်။

တလားခေါက်သံကြီး ပေါ်လာသည်။ ခွေးအူသံများကလည်း နေရာအနှံ့မှ အဆက်မပြတ် ပေါ်ထွက်လာလေတော့သည်။

တလားခေါက်သံကြီး ပေါ်လာသည်နှင့် သချိုင်းတစ်ခုလုံး လှုပ် လှုပ်ရှားရှား ဖြစ်လာတော့သည်။

နီမောင်တို့ ပုန်းနေသော နေရာပတ်ဝန်းကျင်မှာပင် လှုပ်ရှား သံများကို ကြားရပြီးနောက် တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားသွား လာနေကြသော ပုံရိပ်သဏ္ဍာန်များကို ဝိုးတဝါး တွေ့မြင်ကြရသည်။

ထိုသဏ္ဍာန်များမှာ တလားခေါက်သံကြီး ပေါ်ထွက်နေရာ ဘက်သို့ ထွက်သွားကြဟန်ရှိသည်။

သို့သော်လည်း မိုးကလည်း တဖွဲဖွဲ ရွာသွန်းနေသည့်အပြင် အမှောင်ထုများက ဖုံးနေသောကြောင့် မည်သည့်အရာများဖြစ်သည်ကို တော့ သေသေချာချာ မသိကြရပေ။

နီမောင်စိတ်ထဲ၌မူ ထိုသဏ္ဍာန်များမှာ သချိုင်းအတွင်း၌ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသော ပရလောကသားများ၊ ဝိညာဉ်များ၊ မကောင်းဆိုးဝါးများတို့မှာ တလားခေါက်သံ ကြားရာဘက်သို့ အလုအယက် ထသွားနေကြသည်ဟု ထင်နေမိသည်။

"လာ. . . အဲဒီအသံ ကြားရာဘက်ကို သွားကြမယ်"

ဟု ပြောကာ ခြေသံလုံလုံဖြင့် ရှေ့မှ သွားရာ နီမောင်တို့လည်း နောက်မှ လိုက်သွားကြရလေသည်။

သချိုင်းထဲမှာတော့ အမှောင်ထု ဖုံးထားသည်ဆိုစေကာမူ ဖိုးတဝါး အလင်းရောင်အချို့ကြောင့် မြေပုံမို့မို့များ၊ ဖြစ်သလို စိုက်ထူထားသော မှတ်တိုင်များ၊

လောလောလတ်လတ် မြှုပ်ထားပြီး အပေါ်မှ သစ်ရွက်များဖုံးထားသော မြေပုံအသစ်များ၊

အချို့မြေပုံအဟောင်းများမှာတော့ တောခွေးများ တူးဆွထားခြင်းကြောင့် အတွင်း၌ မြှုပ်ထားသော အလောင်းများပင် အချို့တဝက်ပေါ်နေချေပြီ။

အချို့ ကလည်း တွင်းကို တော်ရုံသာ တူးပြီး အလောင်းတို ထည့်ထားခဲ့ရသောကြောင့် မိုးရေဝင်လာသောအခါ ပုတ်စပြုနေသော အလောင်းများမှ မြေပုံမှ ကြွတက်လာကာ ပေါ်စပင်ပြုနေ ချေပြီ။

အချို့အလောင်းများမှာ တောခွေးများ စားသောက်ထားသဖြင့်





တစ်ဝက်တစ်ပျက်လောက်သာ ကျန်တော့သည်။

အပုတ်နံ့များကလည်း သချိုင်းတစ်ခုလုံး လှိုင်နေတော့သည်။ နီမောင်တို့မှာ အမှောင်ထဲမှာပင် မမြင်စမ်းစမ်းဖြင့် သွားကြရာ မြေကျင်းထဲ ကျွံကျသည့်အခါ ကျွံကျ၊

လူသေကောင်အပေါ် တက်နင်းမိသူက တက်နင်းမိသော်လည်း အသံမထွက်ဝံ့ကြပဲ တလားခေါက်သံကြီး ကြားရာဘက်သို့ သွားကြရာ အတော်ကလေး နီးသောနေရာသို့ ရောက်သွားကြလေတော့သည်။

ဆူးရစ်ချုံတစ်ခုအနီး ရောက်သောအခါ ထိုနေရာမှ ကွယ်၍ အသံကြားရာသို့ လှမ်းကြည့်လိုက်သောအခါ မြေပုံတစ်ခုအနီး၌ မည်းမည်းကြီး ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို လှမ်းမြင်ရသည်။

ထိုသဏ္ဍာန်ကြီး ရပ်နေသောနေရာမှာ သူတို့ ရောက်နေသောနေရာနှင့် မဝေးလှပေ။

မည်းမည်းသဏ္ဍာန်ကြီးသည် ခေါင်းတလားကြီးကို ပခုံးပေါ်မှာ ထမ်းထားပြီး လက်တစ်ဖက်က လူအရိုးတစ်ချောင်းကို ကိုင်၍ တဒုံးဒုံးနှင့် ထုရိုက်ရင်း အသံနက်ကြီးဖြင့် ရေရွတ်ပြောဆိုနေလေသည်။

"သချိုင်းထဲမှာ ရှိကြတဲ့ ငါ့ရဲ့ အဖော်အပေါင်းတွေ လာကြ ပူပူနွေးနွေး ရောက်လာတဲ့ အလောင်းတွေကို စားကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



သုသာန်မြေမှာ ရှိကြတဲ့ ငါ့ရဲ့တပည့်လက်သားတွေ

ပျော်ပျော်ပါးပါး စားသောက်ရအောင် ဝမ်းရောဂါဆိုးတွေ ဝင်ကြပဲ့၊ တစ်ယောက်ပြီးတစ်ယောက် သေကြပဲ့၊

သချိုင်းမြေဟာ နင်တို့အတွက်၊

သေမင်းလက်နဲ့ အသက်ထွက်"

ဟူသော ပြောဆိုရေရွတ်သံကြီးကို အတိုင်းသား ကြားနေရလေသည်။ နီမောင်မှာ ထိုသဏ္ဍာန်ကြီးကို တစ်ကြိမ်တွေ့ဖူးထားသော်လည်း ယခုကဲ့သို့ အနီးကပ် တွေ့ရသောအခါ များစွာထိတ်လန့်တုန်လှုပ်မှု ဖြစ်မိလေသည်။

"နာနာဘာဝက ဒီလိုပဲစကားပြောသလား အဘ"

ထိုသို့မေးသော်လည်း ဦးဗန်ကောင်းက အသံမထွက်စေရန် အချက်ပြလိုက်သဖြင့် ဆက်မမေးဝံ့တော့ပေ။

အတန်ကြာသောအခါ ထိုမည်းမည်းသဏ္ဍာန်ကြီးသည် ခေါင်းတလားကြီးကို တဖုံးဖုံး ထုကာ ကျွတ်ကုန်းရွာဘက်သို့ ထွက်သွားလေတော့သည်။

အတန်ကြာသောအခါ ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။

စောစောက ကြားနေရသော ခွေးအူသံများမှာလည်း ခေါင်းတလားအသံကြားရာနှင့်အတူ တပါတည်း ပါသွားလေတော့သည်။

နီမောင်စိတ်ထဲမှ ထိုအသံကြီးကို ကြားရလျှင် အေးရီတစ်ယောက် အဘယ်မျှ ကြောက်ရှာလေမလဲဟု တွေးနေမိသည်။

"ဒေါ်ဖဲဝါ. . . စောစောက တွေ့လိုက်တာ လူလား သရဲလား"

ဦးဗန်ကောင်းက မေးလိုက်သည်။

"နင် နောက်တော့ သိလိမ့်မယ်"

ဒေါ်ဖဲဝါက ဒါပဲ ပြန်ပြောသည်။

အတန်ကြာသောအခါ အနောက်ဘက်မှ ချုံတိုးလာသော ခြေသံကြီးကို ကြားရသဖြင့် နီမောင်က အလန့်တကြား လှည့်ကြည့်လိုက်သောအခါ ချုံတောများကြားမှာ မားမားကြီး ရပ်နေသော မည်းမည်းသဏ္ဍာန်တစ်ခုကို တွေ့ရပြန်သည်။

"ဟင်. ."

ခဏကြာတော့ ထိုသဏ္ဍာန်ကြီးက သူတို့ ရှိရာဘက်သို့ လျှောက်လာသည်။ နီမောင်မှာ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ အနားရောက်လာတော့မှ အဝတ်နက်ကြီးကို ခေါင်းမှ ခြုံထားသော လူတစ်ယောက်ဖြစ်မှန်း သိရလေသည်။

"ဘာတေလား"

"ဟုတ်ပါတယ်"







www.burmeseclassic.com

www.burmeseclassic.com



"ငါကြည့်ခိုင်းတာ ကြည့်ခဲ့ရဲ့လား"

"ကြည့်ခဲ့ပါတယ်"

"နင်ဘယ်လိုကြည့်ခဲ့တာလဲ"

"မြေကျင်းထဲမှာ လူသေကောင်ယောင် ဆောင်ပြီး ကြည့်ခဲ့တာပါ"

"ဒါဖြင့် ဘယ်သူလဲ"

"တခြားဟုတ်ပါရိုးလား . . ဇရပ်မှာ တည်းပြီး လူတွေကို အမျိုးမျိုး မကောင်းကြံနေတဲ့ ဟိုဆရာစုတ်ပဲပေါ့"

"အတော်အကြံပက်စက်တဲ့ လူယုတ်မာပါလား"

ဒေါ်ဖဲဝါက ရေရွတ်လိုက်သည်။

ထိုအခါမှ နီမောင်တို့မှာ အခြေအနေကို အနည်းငယ် ရိပ်မိသလို ဖြစ်လာတော့သည်။

"ဒါ . . ဒါဖြင့် စောစောက ခေါင်းကြီးထမ်းလာတာ မကောင်းဆိုးဝါး မဟုတ်ဘူးပေါ့"

"မကောင်းဆိုးဝါးထက်တောင် ကြောက်ဖို့ကောင်းတဲ့မကောင်းဆိုးဝါးယောင် ဆောင်ထားတဲ့ လူယုတ်မာပဲပေါ့။ ကဲ . . . အချိန်မရှိတော့ဘူး၊ ဒီကနေ သွားကြရအောင်"

ဟု ပြောကာ အားလုံး သုသာန်အတွင်းမှ ပြန်ထွက်ခဲ့ကြလေ





သည်။


အပြင်မှာ မိုးက တဖွဲဖွဲ ရွာနေပြီး အမှောင်ထုများက ပတ်ဝန်းကျင်ကို ဖုံးအုပ်ထားနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၉)

# မှိုတာလက်ချက်ဖြင့် သေရသော မှိုတာတစ်ဦး

ဒေါ်ဖဲဝါ၏တဲကလေးအတွင်း၌ ထူးထူးခြားခြား လူအချို့ ရှိနေကြသည်။

အခြားမဟုတ်ပေ။

နီမောင်၊ ဦးဗန်ကောင်းနှင့် သူကြီးဦးပန်းစိန်တို့ပင် ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သုသာန်အတွင်းမှ ပြန်ရောက်ခဲ့ကြပြီးနောက် ဒေါ်ဖဲဝါ၏တဲသို့ လျှို့ဝှက်စွာ ရောက်နေကြခြင်းဖြစ်သည်။

"ဒါ. . ဒါဖြင့် ဒေါ်ဖဲဝါနဲ့ ဦးပန်ကောင်းတို့က အရင်ကတည်းက သိနေတဲ့ အသိအကျွမ်းတွေပေါ့. . . ဟုတ်လား"

"ဟုတ်ပါတယ်. . . ဒေါ်ဖဲဝါနဲ့ကျုပ်နဲ့က အရင်ကတည်းက သိကျွမ်းခဲ့ဖူးတဲ့သူတွေပါ၊ ဒေါ်ဖဲဝါဟာ ခင်ဗျားတို့ ထင်သလို စုန်းကဝေ ပညာ တတ်တယ်ဆိုတာ မဟုတ်ပါဘူး၊ ဒေါ်ဖဲဝါ တကယ်တတ်တာက မြန်မာ့ဆေးပညာပါ"

"ဟင်. . . ဒေါ်ဖဲဝါက ဆေးပညာ တတ်တယ်ဟုတ်လား"

သူကြီးဦးပန်းစိန်က တအံ့တဩ မေးသောအခါ ဒေါ်ဖဲဝါက အကျိုးအကြောင်း ပြောပြလေသည်။

"ကျုပ်တို့ ဘိုးဘွားမိဘတွေလက်ထက်ကတည်းက မြန်မာ့ဆေးပညာ၊ ဓာတ်ပညာတွေကို တတ်မြောက်ကြပါတယ်၊ ဒါပေမယ့် လူအတော်များများဟာ ကျုပ်ကို စုန်းကဝေလို့ ထင်နေကြပြီး ကျုပ်ပြောရင်လည်း ဘယ်သူကမှ အကောင်းမထင်၊ အယုံအကြည် မရှိကြလို့ တမင်မပြောဘဲ ထားတာပါ၊

ကျုပ်တူ တာတေကလည်း တစ္ဆေသရဲ မဟုတ်ပါဘူး၊ သူ ဘာကြောင့် အခုလို ရုပ်ပျက်ဆင်းပျက် ဖြစ်နေသလဲဆိုတော့ လူရွယ်ဘဝ တုန်းက ရွာကို ဓားပြတွေ ဝင်တော့ ဓားပြတွေကို ဝင်တိုက်ရင်းနဲ့ အခုလို ဒဏ်ရာဒဏ်ချက်တွေ ရထားတာပါ"

ထိုအခါမှ မလှမ်းမကမ်းမှာ ငုတ်တုတ်ကြီး ထိုင်နေသော ထော့ကျိုး တာတေကို လှမ်းကြည့်လိုက်ကြသည်။

ထော့ကျိုးတာတေကတော့ သူ့အကြောင်းကို ပြောနေသော်လည်း လုံးဝဂရုမစိုက်ဘဲ ထိုင်မြဲထိုင်နေလေသည်။

"ရွာကို ဟိုဆရာတပည့် ရောက်လာပြီး လူတွေကို လိမ်ပြီး ဆေးကုပေးနေတာကို ကျုပ်သိတယ်၊ ဒါပေမယ့် ကျုပ်ပြောရင် ဘယ်သူမှ ယုံမှာ မဟုတ်ကြလို့ ဒီအတိုင်းပဲ နေခဲ့တာပေါ့"

"ဒါဖြင့် သူလုပ်နေတာတွေဟာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး. . . အနာကို ချောင်းနိုင်းတက်ပြီး ယောင်နေတာကို ပယောဂ ဝင်တယ်ဆိုပြီး လိမ်ကုကတည်းက ကျုပ်က ရိပ်မိပါတယ်၊ သူ အနာထဲကို ထည့်တဲ့ဆေးက ပိုးလောက်ဖြစ်စေတဲ့ ဆေးပဲလေ၊ အဲဒါ တမင်ဖော်ထားရတာ"

"ဘယ်လိုဖော်တယ်ဆိုတာလည်း တဆိတ်လောက် ပြောပြပါဦး"

ထိုအခါ ဒေါ်ဖဲဝါက ပိုးလောက်ဖြစ်စေသည့်ဆေး ဖော်စပ်ပုံကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းဆေးဖော်စပ်ပုံမှာ. . .

ဗုဒ္ဓဟူးနေ့၊ ဗုဒ္ဓဟူးအခါ၌ ကြခတ်ဝါး၊ အဆစ်ပိုင်းတစ်ခုကို ယူ၍ တစ်ဖက်ကအပိတ်၊ တစ်ဖက်က အပေါက်ထားရသည်။ ထိုဝါး ဆစ်ခေါင်းထဲသို့ ဝက်သားကို သွပ်ထည့်ရသည်။ ဝါးသည် ဝက်သားနှင့် ထိသည်နှင့် ခာတ်တူချင်းဖြစ်သောကြောင့် ကွဲအက်လာပေမည်။

ထိုသို့ ကွဲအက်လာသောအခါ တဖက်အပေါက်ကိုပါ ပိတ်ဆို့၍ မြေ၌ သုံးရက်ကြာအောင် မြှုပ်နှံထားရသည်။

သုံးရက်ပြည့်မြောက်သောအခါ ပြန်ဖော်၍ ငှင်းနှစ်မျိုးစလုံးကို အညက်ကြိတ်၍ နေဖြင့် အခြောက်လှမ်းရသည်။

ခြောက်လျှင် အမှုန့်ပြုလုပ်၍ လေလုံသော ပုလင်း၌ ထည့်ထား ရသည်။ အကြောင်းရှိ၍ အသုံးပြုလျှင် ငှင်းဆေးမှုန့်ကို ဖြူးလိုက်သည် နှင့် ပြင်ပလေနှင့် ထိသည်နှင့် ပိုးလောက်များ ချက်ချင်းဖြစ်လာလေ သည်။

"ဒါဖြင့် ဟိုကလေးတစ်ယောက်ကို ဆေးကုပေးတုန်းက ဖယောင်းတိုင်တွေ အလိုလို မီးထတောက်တာတို့၊ လက်ဖွဲ့တွေက အသံ မြည်ပြီး အလိုလို ပျောက်သွားတာကရော ဘယ်လိုလျှို့ဝှက်ချက်လဲဗျ"

"ဒါကလည်း နည်းသိရင် လွယ်ပါတယ်၊ ကန့်လန့်ကာ ဖွင့်တာနဲ့ မီးတောက်တယ်ဆိုတာ အဲဒီမီးတောက်လိုတဲ့ ဖယောင်းတိုင်ရဲ့မီးစာမှာ





ကန့်ဆီသုတ်ပြီး ရေထဲမှာ စိမ်ထားရတယ်၊ နောက်. . . လေလုံအောင် ထားရတယ်၊ သူ ကန့်လန့်ကာ ကာတယ်ဆိုတာ လေမဝင်အောင် ကာ တာပါ၊ ဒါကြောင့် ကန့်လန့်ကာအတွင်းမှာ ဖယောင်းတိုင် စိုက်ထားပြီး ကန့်လန့်ကာ ဖွင့်လိုက်တာနဲ့ ကန့်ဆီသုတ်ထားတဲ့ ဖယောင်းတိုင်က မီးထတောက်တာပါ"

"လက်ဖွဲ့တွေက အသံမြည်ပြီး သူ့အလိုအလျောက် ပျောက် သွားတာရော ဘယ်လို လျှို့ဝှက်ချက်လဲဗျ"

"လက်ဖွဲ့က တကျွိကျွိ မြည်တာက လက်ဖွဲ့လုပ်တဲ့ ငွေပြားမှာ မြဒါးသုတ်ထားလို့ပါ၊ ဒါပေမယ့် လိပ်တဲ့အခါမှာ ကြားထဲမှာ ဂွမ်းခံထား တော့ တစ်ခုနဲ့တစ်ခု မထိဘူး၊ လက်နဲ့ ထိလိုက်တော့မှ ထိသွားပြီး အသံမြည်တာ၊

သူ့အလိုလို ပျောက်သွားတယ်ဆိုတာကလည်း အချိန်ကြာလာ ရင် ငွေပြားကို ပြဒါးက စားလိုက်လို့ ပျောက်သွားတာပါ၊

သူက အဲဒီလို ယုံလောက်အောင် သမားဂုဏ်ပြပြီး ကလေးကို မှော်ဆေးပေးပြီး ကုပေးတာပါ၊ အဲဒီတုန်းက ရွှေဒင်္ဂါးရှစ်ပြားနဲ့ ငွေ အတော်များများ ရလိုက်တယ်လေ၊ ကျုပ်က မနေနိုင်လို့ ဝင်ပြောလို့ တောင် သူက စိတ်ဆိုးသေးတယ်"

"ဖြစ်ရလေဗျာ. . . ကျုပ်တို့တစ်ရွာလုံး အလိမ်ခံနေကြရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ကျုပ် သူ့ဆီကို သွားသေးတယ်၊ ဆေးပညာ တကယ်တတ်ရင် ပညာပြိုင်မလားလို့ သွားမေးတော့ ကျုပ်ကို ကြိမ်းမောင်းပြီး လွှတ်လိုက် သေးတယ်"

"ဒါထက် မေးပါရစေဦး၊ ဒေါ်ဖဲဝါက အဲဒီလို ပညာတွေ တတ် ပါရဲ့နဲ့ ရိုးရိုးမနေဘဲ စုန်းကဝေ အယောင်ဆောင်နေရတာလဲ . . . ပြော ပါဦး"

"ကျုပ်တို့ တူဝရီးကို ဘယ်သူမှလည်း မယုံဘူး၊ အလုပ်လုပ်ရင် တောင် ခိုင်းမယ့်သူ ရှိမှာမှ မဟုတ်တာ၊ ဒါကြောင့် ထမင်းတစ်လုတ် စားရဖို့ အခုလို နေရတာပါ"

"ဖြစ်မှဖြစ်ရလေ ဒေါ်ဖဲဝါရယ်၊ အဖြစ်မှန်ကို အကျိုးအကြောင်း ပြောပြရင် ကျုပ်တို့ တစ်ရွာလုံးက ဘယ်သူမှ မနေကြပါဘူးဗျာ၊ အခု တော့ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်တွေ လွဲပြီး ခက်ကုန် ကြတာပေါ့"

သူကြီး ဦးပန်းစိန်က စိတ်မကောင်းစွာဖြင့် ညည်းညည်းညူညူ ပြောလိုက်လေသည်။

ထိုအခါ ဦးဗန်ကောင်းကလည်း ဝင်မေးသည်။

"ဒါထက် သူတို့ အခုလို ကြံစည်နေတာကို ဒေါ်ဖဲဝါ ဘယ်



အချိန်ကတည်းက ရိပ်မိခဲ့တာလဲ"

"သူက ဒီရောက်မှ ဒီလိုလုပ်တာ မဟုတ်ဘူး၊ ဟိုဘက်မှာ ပျက် သွားတဲ့ ထိန်ပင်ကုန်းရွာမှာတုန်းကတည်းက ဒီလိုပဲ ကြံစည်ခဲ့တာ၊ မကောင်းဆိုးဝါးတွေ မွေးပြီး လူတွေကို သေကြေပျက်စီးအောင် လုပ် တယ်၊ လူတွေက ကြောက်လန့်ပြီး သူ့ကို ကပ်လာတော့မှ အချိကြီး ရအောင် ကြံစည်တာ၊

ဒီအကြောင်းတွေကို ဘာကြောင့် သိရသလဲဆို ဒီရွာရောက် တတည်းက ကျုပ်တူ ငတေကို သူဘာတွေလုပ်နေတယ်၊ ဘယ်လို ကြံစည်နေတယ်ဆိုတာကို အမြဲစောင့်ကြည့်ခိုင်းထားခဲ့လို့ သိရတာပါ"

ဟု ပြောပြသည်။

"အတော်ယုတ်မာတဲ့လူပဲ . . . အခုတော့ ဘယ်လိုလုပ်ရမလဲ"

"ဒီအတွက် စိတ်မပူပါနဲ့၊ ဒီလူယုတ်မာရဲ့အကြံအစည်တွေကို ရပ်သွားအောင် ကျုပ်လုပ်ပေးပါ့မယ်၊ ဒါပေမယ့် အခုတော့ ဒီ အကြောင်းတွေကို ဘယ်သူမှ မသိပါစေနဲ့၊ တကယ်လို့ ပေါက်ကြားသွား ရင် သူတို့အကြံအစည်တွေ လက်ဦးသွားမှာ စိုးရတယ်"

ဟု သတိပေးကာ ပြုလုပ်ကြမည့် အစီအစဉ်များကို လျှို့ဝှက်စွာ တိုင်ပင်ကြလေသည်။

နောက်ရက်မှာတော့ ဦးဗန်ကောင်းက ရွာထဲမှ ရှောဝါပြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သူများကို ဆေးများ လိုက်လံဝေငှ၍ ကုသပေးရာ အသေအပျောက် နည်းသွားတော့သည်။

ထို့ပြင် ဝမ်းရောဂါဖြစ်မည့် အခြားရှောင်ရမည့် ကိစ္စများကိုပါ လိုက်လံသတိပေးထားလေသည်။

ဦးသူတော်တို့ကတော့ ရွာထဲမှ ရောဂါဖြစ်နေသော လူနာများ က သူ့ဆီ မလာဘဲ အခြားရွာမှ ရောက်လာသော ဆရာတစ်ယောက် နှင့် ကုသနေသည်ဟု သတင်းကြားသောအခါ များစွာဒေါသဖြစ်နေလေ တော့သည်။

"တခြားရွာက လာတဲ့ဆရာကို အထင်ကြီးတဲ့လူတွေ ငါ့ အကြောင်းကို ကောင်းကောင်းကြီး သိရစေမဟဲ့"

ဟု ကြိမ်းမောင်းပြောဆိုနေသည်။

ထို့နောက်. . .

ညအချိန်ရောက်သောအခါ ဆရာတပည့်နှစ်ယောက် အဝတ် မည်းကြီးများကို တစ်ကိုယ်လုံး ခြုံကာ အမှောင်ရိပ်များကို အကာ အကွယ်ပြုကာ သုသာန်ရှိရာသို့ သွားကြလေသည်။

သုသာန်အတွင်းသို့ ရောက်သောအခါ သိမ်းထားသော ခေါင်း တလားကြီးနှင့် လူအရိုးတစ်ချောင်းကို ထုတ်ကာ ထုလေတော့သည်။

"ဗုံ. . ဗုံ. . ဗုံ"





"ဗုံ. . ဗုံ. . ဗုံ"

"ဗုံ. . ဗုံ. . ဗုံ"

"အူ. . ဝူ. . ဝူ"

ထုံးစံအတိုင်း တလားခေါက်သံကြီး ပေါ်လာသည်နှင့် ပတ်ဝန်း ကျင်၌ ရှိသော တောခွေးများက ဆွဲဆွဲငင်ငင် အူကြလေသည်။

တောခွေးများ အူသံကြားသောအခါ ရွာမှာ ရှိသော ခွေးများ ကပါ လိုက်အူကြသဖြင့် ခွေးအူသံများမှာ တစ်နေရာနှင့်တစ်နေရာ ဆက်သွားလေတော့သည်။

ထိုသို့ ခေါင်းတလားကြီးကို တီးခေါက်လိုက်သည်နှင့် လေတိုး သံများ ပေါ်လာပြီး မိုးတဖွဲဖွဲ ရွာချလာသည်။

လေတိုးသံနှင့်အတူ သစ်ပင်ကြီးများက လှုပ်ရှားလာသည်။

နေရာအနှံ့မှ အသံမျိုးစုံတို့ ပေါ်လာသည်။

အမှောင်ထဲမှာ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ယိမ်းထိုးလှုပ်ရှားလာ သော မည်းမည်းသဏ္ဌာန်များကလည်း နေရာအနှံ့ ပေါ်လာသည်။

"ဗုံ. . ဗုံ. . ဗုံ"

"ဗုံ. . ဗုံ. . ဗုံ"

"သုသာန်အတွင်းမှာ ရှိကြတဲ့ တစ္ဆေသရဲ ဖုတ်၊ ပြိတ္တာအားလုံး ထကြ၊ အားလုံးလာကြဟဲ့၊ ငါ့ကို အာခံဖီဆန်တဲ့ ကျတ်ကုန်ရွာသားတွေ



www.burmeseclassic.com

www.burmeseclassic.com



ထို့ တစ်ယောက်မှ မကျန်ရအောင် ဖမ်းစားစမ်းဟဲ့၊ သေအောင် သတ်ကြစမ်းဟဲ့"

"ဗုံ . . ဗုံ . . ဗုံ"

"ဗုံ . . ဗုံ . . ဗုံ"

ထိုအခိုက်မှာပင် သုသာန်တစ်နေရာဆီမှ တောတိုးလာသော ခြေသံကြီးကို ကြားလိုက်ရသည်။

"ဖွမ်း . . ဖွမ်း . . ဖွမ်း"

ထိုခြေသံကြောင့် ဦးသူတော်မှာ အော်ဟစ်ပြောဆိုနေခြင်းတို့ ခေတ္တရပ်လိုက်ကာ နောက်သို့ လှည့်ကြည့်လိုက်တော့ ချုံတစ်ချုံ နံဘေးနားမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်လိုက်ရသည်။

"အော် . . . ငါ့တပည့်ကြီး ထလာပြီနဲ့တူတယ်၊ အခုချက်ချင်း ကျက်ကုန်းရွာကို သွားပြီး လူတွေကို သေအောင် ဖမ်းစားခဲ့စမ်းဟဲ့"

ဟု အမိန့်ပေးလိုက်ရာ မည်းမည်းသဏ္ဌာန်ကြီးက တစ်လှမ်းချင်း လှမ်းကာ သူ့ရှိရာသို့ လာလေသည်။

"ဟင် . . "

မမျှော်လင့်သော အခြေအနေကြောင့် ဦးသူတော်မှာ အနည်းငယ် ထိတ်လန့်သွားသည်။

"ဟဲ့ . . . ဘယ်ကို လာနေတာလဲ၊ ငါ အမိန့်ပေးနေတာ ရွာထဲကို သွားဖို့လေ၊ ဘာကြောင့် ဒီကို လာနေတာလဲ"





ထိုသို့ပြောနေသော်လည်း မည်းမည်းသဏ္ဌာန်ကြီးက နောက်သို့ ပြန်မလှည့်ပဲ ရှေ့သို့ တိုးမြဲတိုးလာရာ နောက်သို့ ဆုတ်ပေးရတော့သည်။ ထိုသို့ ဆုတ်ပေးရင်းမှ လူသေအလောင်းတစ်ခုကို ခလုတ်တိုက်မိကာ နောက်သို့ ပက်လက်လန်ကာ လဲကျသွားတော့သည်။

"အမယ်လေး . . "

ထိုအခိုက်မှာပင် မည်းမည်းသဏ္ဌာန်ကြီးက လက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ ရှေ့သို့ တိုးဝင်လာသည်။

"ဟေ့ . . မောင်ကျော် လုပ်ပါဦးဟ"

အခြေအနေ မဟန်တော့သဖြင့် ဦးသူတော်က ၎င်း၏တပည့်ဖြစ်သူကို အကူအညီ လှမ်းတောင်းလိုက်သည်။

မောင်ကျော်က သုသာန်အပြင်ဘက်မှာ အခြေအနေကို စောင့်ကြည့်နေခြင်းဖြစ်သဖြင့် ချက်ချင်းမရောက်နိုင်ပေ။

ထိုအခိုက်မှာပင် မည်းမည်းသဏ္ဌာန်က သူ့အပေါ်သို့ ရောက်လာကာ မိုးရပ်လိုက်သည်။

"သူများတွေကို ဒုက္ခပေးတုန်းက မကြောက်ဘူးလား၊ အခု ကိုယ့်အလှည့်ရောက်တော့ သေရမှာ ကြောက်နေပြီလား၊ သရဲမွေးသူဆိုတာ သရဲသတ်လို့ သေရတယ်ဆိုတာကို မြဲမြဲမှတ်သွားပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု အသံသြသြကြီးဖြင့် ပြောကာ ဦးသူတော်အပေါ်သို့ အုပ်လိုက်ပြီး သန်မာသောလက်ကြီးနှစ်ဖက်ဖြင့် လည်ပင်းကို ညှစ်လေတော့သည်။

ဦးသူတော်မှာ အခြားသူများအား ဒုက္ခပေးရမှာ မကြောက်သော်လည်း မိမိသေရမည့်အလှည့်သို့ ရောက်သောအခါ များစွာ ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ကာ ရုန်းလည်းရုန်း၊ တပည့်ဖြစ်သူကိုလည်း လှမ်းအော်၍ ခေါ်လေသည်။

"မောင်ကျော်ရေ. . ကယ်ပါဦးဟ"

ထိုသို့အော်ရင်း တတ်နိုင်သမျှ ရုန်းသော်လည်း အပေါ်မှ ဖိထားသည်က တစ်ကြောင်း၊ သန်မာသော လက်ကြီးနှစ်ဖက်က လည်ပင်းကို တအားညှစ်ထားသောကြောင့် အသက်ရှူကျပ်လာသဖြင့် မျက်လုံးပြူးကာ လျှာပါ ထွက်လာတော့သည်။

"အူး. . အူး. . အူး"

မည်းမည်းသဏ္ဍာန်ကြီးတလည်း တစ်စက်ကလေးမှ အလျှော့မပေးဘဲ ဦးသူတော်၏လည်ပင်းကို ညှစ်မြဲညှစ်ထားလေသည်။

ထိုအခိုက်မှာပင် မောင်ကျော် ရောက်လာသည်။

သူ့ဆရာကို ရှာသော်လည်း မတွေ့ရဘဲ အမှောင်ရိပ်တစ်ခု အောက်မှ ကုန်းကုန်းကွကွ ဖြစ်နေသော မည်းမည်းသဏ္ဍာန်ကြီးကိုသာ





လှမ်းမြင်ရလေသည်။

"အစ်. . အစ်. . အစ်. . မောင်. . မောင်ကျော်"

"ဟင်. ."

ထိုအသံကြားတော့မှ မည်းမည်းသဏ္ဍာန်ကြီး၏အောက်ဖက်၌ သူ့ဆရာ ရှိနေသည်ကို သိလိုက်ရသည်။

ထိုသို့ သိသော်လည်း မကောင်းဆိုးဝါးကြီးတစ်ကောင် ဖြစ်သည်ဟု ထင်ကာ ရုတ်တရက် အနားမကပ်ဝံ့သေးပေ။

နောက်ဆုံး သူ့ဆရာ၏မချိမဆန့် အော်သံကြီး ကြားမှ ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားကာ ဓါးကို ကိုင်၍ နောက်ဖက်မှ ပြေးဝင်သွားပြီး မည်းမည်းသဏ္ဍာန်ကြီးကို ဓားဖြင့် ဝင်ခုတ်လေတော့သည်။

"ဒုတ်. . ဒုတ်"

နှစ်ချက်သုံးချက် ခုတ်ချလိုက်သောအခါ ထိုသဏ္ဍာန်မှာ မကောင်းဆိုးဝါး မဟုတ်ဘဲ လူတစ်ယောက်ဖြစ်မှန်း သိရသဖြင့် ဦးခေါင်းနေရာကို မှန်း၍ ခုတ်ချလိုက်သည်။

"ဒုတ်"

"အား. ."

ထိုအခါမှပင် မည်းမည်းသဏ္ဍာန်ကြီးမှာ ရှေ့သို့ လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

မောင်ကျော်လည်း ဘာလုပ်ရမှန်းမသိဘဲ ဓားကို ကိုင်ထားရင်း နေရာမှာ တုန်လှုပ်စွာ ရပ်နေလေသည်။

အတန်ကြာသောအခါ ဆူဆူညံညံအသံများ ကြားရပြီး မီးတုတ် မီးတိုင်များ ကိုင်ဆောင်ထားသော လူအချို့ ဝင်လာလေသည်။

သူကြီးဦးပန်းစိန် ခေါင်းဆောင်သော ရွာသူရွာသားများ ဖြစ်သည်။ သူတို့နှင့်အတူ နီမောင်၊ ဦးဖန်ကောင်း၊ ဒေါ်ဖဲဝါတို့လည်း လိုက်လာကြသည်။

ထိုနေရာသို့ ရောက်သောအခါ သွေးစွန်းနေသော ဓားကြီးကို ကိုင်ကာ ကြောင်တောင်တောင်ကြီး ရပ်နေသော ဦးသူတော်၏တပည့် မောင်ကျော်ကို ဖမ်းလိုက်သည်။

ထို့နောက်. . .

ဓါးဒဏ်ရာများဖြင့် မှောက်ခုံကြီး ငြိမ်သက်နေသော သဏ္ဌာန်ကြီးကို ပက်လက်ဆွဲလှန်လိုက်သော် သေဆုံးနေပြီဖြစ်သော ထော့ကျိုးတာတေကို တွေ့ကြရသည်။

ရင်းအောက်မှာတော့ မျက်လုံးပြူး၊ လျှာထွက်ကာ အသက်ပျောက်နေပြီဖြစ်သော ဦးသူတော်ကို တွေ့ကြရသည်။

ဦးသူတော်ကား သူခလုတ်တိုက်မိသော လူသေအလောင်း





တဲ့သို့ပင် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေခြင်းဖြစ်သည်။

ဒေါ်ဖဲဝါက ထော့ကျိုးတာတေ အလောင်းအနီးသို့ ထိုင်ကာ လက်ဖြင့် စမ်းကြည့်ပြီး. . .

"အင်း. . . ဘဝပေး ကုသိုလ်ကံ အကျိုးပေး မကောင်းခဲ့တဲ့ ငါ့တူ တာတေတစ်ယောက်တော့ အခုမှပဲ အေးချမ်းသွားတော့တယ်"


ဟု မျက်ရည်ကလေး စမ်းစမ်းနှင့် ရေရွတ်ပြောဆိုနေလေသည်။ ထို့နောက်. . .

သေဆုံးသွားကြသော ထော့ကျိုးတာတေနှင့် မကောင်းဆိုးဝါးများကို အဖော်ပြုကာ ရွာသူရွာသားများကို ဒုက္ခပေးခဲ့သော ဦးသူတော်တို့၏အလောင်းတို့ကို မြေမြှုပ်သင်္ဂြိုဟ်ကာ ရွာသို့ ပြန်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

## မေတ္တာနှိုင်းအခ

ဦးသူတော်တို့ ဆရာတပည့်နှစ်ယောက် ကျတ်ကုန်းရွာသို့ရောက်လာကတည်းက ထိန်ပင်ကုန်းရွာမှာ အတူရှိစဉ်ကပင် ၎င်းတို့အကြောင်းကို ရိပ်မိနေသော ဒေါ်ဖဲဝါက စောင့်ကြည့်နေခဲ့သည်။ ယခုအချိန်ဆိုလျှင် တာတေကို အဝတ်မည်းကြီး ခြုံကာ ဦးသူတော်တို့နောက်သို့ လိုက်လံကြည့်ရှုခိုင်းခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တာတေက သချိုင်းထဲမှ စောင့်ကာ ၎င်းတို့အခြေအနေကို ... ပျက်စွာ စောင့်ကြည့်ခဲ့ရာ တလားခေါက်သံကြီး၏တရားခံမှာ ဦးသူ တော် လက်ချက်မှန်း သိခဲ့ကြရသည်။

သို့သော်လည်း သူကြီးနှင့်တကွ ရွာသူရွာသားများကို ပြောပြ လျှင်လည်း ယုံကြည်မည် မဟုတ်သဖြင့် ဒီအတိုင်းပင် နေခဲ့ရသည်။

နောက်တော့ ဦးဗန်ကော်င်း ရောက်လာတော့မှ အဆင်ပြေ တာ ဦးသူတော်ကို ဖမ်းဆီးဖို့ အခွင့်အရေး ရသွားသည်။

ထိုညကတော့ တာတေမှာ ဦးသူတော်ကို ခြောက်လှန့်ပြီး ဖမ်းဆီးရန် ကြိုးစားရာမှ ဒေါသစိတ်ဖြင့် လက်လွှန်သွားကာ လည်ပင်း ညှစ်သတ်လိုက်သလို ဖြစ်ကာ သေဆုံးသွားလေတော့သည်။

BURMESE CLASSIC

တာတေလည်း မောင်ကျော် ဓားချက်မိကာ သေဆုံးသွားရှာ လေသည်။

ထိုနောက်ပိုင်းမှာတော့ ကျတ်ကုန်းရွာသူရွာသားများကို ညစဉ် လိုလို ဒုက္ခပေးကာ ခြောက်လှန့်နေသော တလားခေါက်သံကြီး မကြားရတော့ပေ။

ထိုအသံကြီးကို မကြားရသောအခါ ရွာထဲမှာလည်း ရိုးရိုးဝမ်း ရောဂါဖြစ်သူများသာ ရှိတော့ပြီး အကြောက်လွန်ကာ သေဆုံးရသူ လူနာများ မရှိတော့ပေ။





"ဒီရွာမှာ ဝမ်းရောဂါ ဖြစ်ရတဲ့ အဓိကအကြောင်းက မိုးဦးကျ ရာသီ ရောက်လာရင် တောင်ကျရေ၊ ဖက်သွပ်ရေတွေကို သောက်သုံးမိ လို့ ဖြစ်ရတာပါ၊

အဆိုးဆုံးကတော့ လူသေတွေကို ဖြစ်သလို မြှုပ်နှံထားတဲ့ သချိုင်းဘက်ကနေ ချောင်းတစ်ချောင်း ဖြတ်စီးပြီး စီးဆင်းလာတယ်၊ အဲဒီချောင်းထဲမှာ အပုတ်ရေတွေ မကောင်းတဲ့ရေတွေက ရွာထဲအထိ ရောက်လာပြီး ရေတွင်းရေကန်တွေထဲကို ဝင်ကြတယ်၊

ဒါတွေကို ဂရုမပြုမိပဲ သောက်သုံးမိတော့ မိုးဦးကျရာသီမှာ ဖြစ်လေ့ရှိတဲ့ ဝမ်းဖောဝမ်းယောင် ရောဂါကနေ ကြောက်စရာကောင်း တဲ့ ဝမ်းရောဂါတွေ ဖြစ်ခဲ့ကြတာပေါ့"

ဦးဗန်ကောင်းက ပြောပြသည်ကို ကြားရတော့မှ ရွာသူရွာသား များမှာ ၎င်းတို့ မဆင်မခြင် ပြုလုပ်ခဲ့မိပုံများကို သတိပြုမိတော့သည်။

"အဲဒီလို ရောဂါဆိုးတွေ ဖြစ်တဲ့အချိန်မှာ ဒိထက်ပိုပြီးကြောက် စရာကောင်းတဲ့ ဥပါဒါန်ရောဂါဆိုးကြီးကပါ ရောက်လာတော့ အခုလို သေကြေပျက်စီးမှုတွေ များခဲ့ကြတာပေါ့၊

နောက်ပိုင်းမှာတော့ ရေဆိုးရေညစ်တွေ ရောက်လာမယ့် မိုးဦး ကျရာသီမှာ ဘယ်လိုကာကွယ်စောင့်ရှောက်ရမယ်၊ ဘယ်လိုဆင်ခြင်ရ မယ်ဆိုတာကို သိထားကြရင် အခုလို ရောဂါဆိုးတွေ ဖြစ်ရော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမရှိတော့ပါဘူး၊

အခု ရွာထဲမှာ ရောဂါဖြစ်နေတဲ့ လူနာတွေကိုလည်း ဒေါ်ဖဲဝါနဲ့ ကျုပ်နဲ့ ပေါင်းပြီး ဆေးကုပေးရင် မကြာခင် ရောဂါတွေ ပျောက်ကင်းသွားမှာပါ"

ဟု ပြောလေရာ ထိုအခါမှပင် ကျတ်ကုန်းရွာသူရွာသားများတို့မှာ ဒေါ်ဖဲဝါတို့ တူဝရီးအပေါ်မှာ အထင်အမြင် လွဲခဲ့ကြသည်များကို နောင်တရကြလေသည်။

သူကြီးဦးပန်းစိန်ကိုယ်တိုင်ကပင်. . .

"ကဲ. . . ဒေါ်ဖဲဝါ၊ ဒီတစ်ခါတော့ ခင်ဗျားကိုယ်တိုင် ရွာထဲမှာ ဆန်ဆီတွေ လိုက်ပြီး ချေးငှားဖို့ မလိုတော့ပါဘူးဗျာ၊ ရွာထဲက လူတွေ နေထိုင်မကောင်း ဖြစ်လာရင်သာ ကြည့်ရှုပြီး ဆေးဝါးကုသပေးပါ၊ ခင်ဗျားတစ်ယောက်အတွက် စားစရိတ် လုံလောက်အောင် ကျုပ်တို့ ထာတွေက ဝိုင်းဝန်းပြီး ထောက်ပံ့ပေးပါ့မယ်ဗျာ"

ဟု ပြောလေရာ ဒေါ်ဖဲဝါ၏မျက်နှာပေါ်မှာ တစ်သက်တစ်ခါ တွေ့ရခဲသော ကျေနပ်မှုအပြုံးရိပ်ကလေးများ ပေါ်လာလေတော့သည်။

နောက်ပိုင်းရက်များမှာတော့ အေးရီ၏ရောဂါအခြေအနေမှာလည်း သိသိသာသာကြီး ကောင်းမွန်လာပြီဖြစ်ရာ နီမောင်နှင့် ဦးဗန်





ကောင်းတို့လည်း ရွာသို့ ပြန်ကြရန် ပြင်ဆင်ကြသည်။

"အစ်ကိုတို့က ချက်ချင်းကြီး ပြန်တော့မှာလား"

"အရီလည်း နေကောင်းသွားပြီ၊ ရွာမှာလည်း ကိစ္စတွေက ပြီးပြီဆိုတော့ ပြန်ရတော့မှာပေါ့"

"အေးအေးဆေးဆေးများ နေပါဦးလား အစ်ကိုရယ်"

"အစ်ကိုကတော့ အရီအနားမှာ အမြဲနေချင်တာပေါ့၊ ဒါပေမယ့် အခုအခြေအနေက နေလို့မှ မရသေးတာ. . . ပြန်ရဦးတော့မှာပေါ့"

"ဒီလိုဆိုရင် အစ်ကို မပြန်ပဲ နေလို့ရအောင် ကျွန်မ အိပ်ယာထဲ က မထဘဲ ဟန်ဆောင်နေမှ ဖြစ်မယ်ထင်တယ်"

"နိမိတ်မရှိတာတွေ မပြောပါနဲ့ကွယ်၊ အခု ဝါဝင်သွားပြီဆိုတော့ ဝါကျွတ်ဖို့ သုံးလေးလပဲ စောင့်ရတော့မယ်၊ ဝါကျွတ်ပြီးလို့ ခြေခင်းလက်ခင်း သာတာနဲ့ လူကြီးစုံရာနဲ့ လာပြီး အရီ့ကို တောင်းရမ်းလက်ထပ်ယူပါ့မယ်၊ အဲဒီအခါကျတော့ အစ်ကိုတို့နှစ်ယောက် အမြဲတမ်း အတူတူ နေကြရမှာပေါ့. . . မဟုတ်ဘူးလား"

နီမောင်က အေးရီလက်ကလေးကို ဆုပ်ကိုင်၍ နှစ်သိမ့်ပေးလိုက်ရာ နလံထကာစ အားနည်းနေသော အေးရီ၏မျက်နှာပေါ်မှာ အားတက်ရွှင်လန်းနေသော အပြုံးရိပ်ကလေးများ ပေါ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူသားများအတွက် အကောင်းဆုံးဆေးမှာ. . .

အချစ်ဖြင့် ဖော်စပ်သောဆေးပင် ဖြစ်တော့သည်။

ဤနေရာ၌ ကျွန်ုပ်ရေးသားသော (သချိုင်းကုန်းမှ တစ္ဆေ ခေါ်သံ)အမည်ရှိ ပရဆန်းကြယ် ဂမ္ဘီရ ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

# ဗညားဦး

 တပြီးချိန်။ ။ (၂၀၀၈)ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်၊

သောကြာနေ့၊ ည (၉) နာရီ။

လည်း သိသိသာသာကြီး ကောင်းမွန်၊

www.burmeseclassic.com